ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (2-3-2006) (၄၈၈၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၁၉၈၈ မှ ယနေ့အထိ ဆည်တမံ ၁၈၃ ခု တည်ဆောက်ပေးခဲ့သဖြင့် လယ်မြေဧက ၂ ဒသမ ၄ သန်းကျော်အကျိုးပြု နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်း ၂၉၃ ခု ဖြစ်ထွန်းလာပြီး လယ်ယာမြေဧက လေးသိန်းခန့်ကို အကျိုးပြုနိုင်လျက်ရှိပြီ လယ်ယာသုံး စက်ကိရိယာများထုတ်လုပ်ရေး နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်နေ

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၆ခုနှစ် တောင်သူလယ်သမားနေ့သဝဏ်လွှာ–

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

ယနေ့သည် မြန်မာတိုင်းရင်းသား တောင်သူလယ်သမားကြီးများ၏ ဂုဏ်ကျေးဇူးကို အသိအမှတ်ပြုသောအားဖြင့် ဂုဏ်ပြုသတ်မှတ်ထားသည့် မတ်လ ၂ ရက် "တောင်သူလယ်သမားနေ့"ဖြစ်ပါသည်။

ဤမင်္ဂလာရက်မြတ် အခါသမယတွင် တောင်သူလယ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြလျက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်ကြပါစေကြောင်း ဆုတောင်းပတ္ထနာပြုအပ်ပါသည်။

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ဦးတည်ချက်ချမှတ်၍ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင်

စာမျက်နှာ ၇ ကော်လံ ၁ သို့ *

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့သည် ယနေ့မွန်းလွဲပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

၂၀၀၆ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ကြေးမုံ
The Mirror
၂-၃-၂၀၀၆
(ကြာသပတေးနေ့)

စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရေး အရှိန်အဟုန်မြှင့်တင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးပါဝင်ကြိုးပမ်း

၂၀၀၆ ခုနှစ် မတ်လ ၂ ရက်(ယနေ့)သည် တောင်သူလယ်သမားကြီးများအား ဂုဏ်ပြုသတ်မှတ်ထားသည့် တောင်သူလယ်သမားနေ့ဖြစ်သည်။

မြန်မာနိုင်ငံသည် ရေမြေရာသီဥတုကောင်းမွန်သည့် စိုက်ပျိုးရေးဖြစ်ထွန်းသော နိုင်ငံဖြစ်သည်နှင့်အညီ သဘာဝ သယံဇာတ အရင်းအမြစ်များကို အပြည့်အဝဖော်ထုတ်အသုံးချနိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူအများ စားဝတ်နေရေးဖူလုံပြည့်စုံရေး အတွက်သာမက အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက်ပါ ပဓာနကျသော အရင်းအမြစ်တစ်ခုဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် တည်ဆောက်ရေးအတွက် ဦးတည်ချက်များ၊ အမျိုးသားစီးပွားရေးစီမံကိန်းများ ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်လူဦးရေ၏ အများစုဖြစ်သည့် တောင်သူလယ်သမားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် ခေတ်မီနည်းပညာရပ်များဖြင့် တီထွင်ကြံဆစိုက်ပျိုးရေး၊ သီးနှံစိုက်စွမ်းအားမြင့်မားလာရေး၊ သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်ရေးတို့အတွက်လည်း လိုအပ်ချက်များကို အခါမလပ် ကူညီပံ့ပိုးပေးနေသည်။

အထူးသဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးများ၊ မြစ်ရေတင်စီမံကိန်းများနှင့် မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေသဘာဝအခြေအနေပေးမှုအပေါ် မူတည်၍ နိုင်ငံတစ်ဝန်း၌ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်က ဘဏ္ဍာငွေ အမြောက်အမြားသုံးစွဲ၍ စိုက်ပျိုးရေရရှိရေးအစီအမံများကို ဆောင်ရွက်ပေးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် ဆည်တမံစီမံကိန်းလုပ်ငန်းပေါင်း ၁၈၃ ခုနှင့် မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၃ ခုအထိ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ စိုက်ပျိုးရေရရှိရေးအစီအမံများကြောင့် လယ်ယာစိုက်ပျိုးမြေဧက ၂ ဒသမ ၄ သန်းကျော်ကို အကျိုးပြုနိုင်ခဲ့ပြီဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် သီးထပ်သီးညှပ် သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ခြင်း၊ မြေလွတ်မြေရိုင်းများ၊ ရေကြီးကွင်း ရေနက်ကွင်းများကို လယ်မြေများအဖြစ် ဖော်ထုတ်လာနိုင်ခြင်း၊ သီးနှံမျိုးကောင်းမျိုးသန့်နှင့် ခေတ်မီ စိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်ခြင်းတို့ကြောင့် သီးနှံစိုက်စွမ်းအားတိုးတက်ခြင်း၊ အထွက်နှုန်းမြင့်မားခြင်းစသည့် အကျိုးရလဒ်ကောင်းများကို ရရှိခံစားနေကြရပြီဖြစ်သည်။

ယနေ့ကာလတွင် နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်လာစေရန် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော်၏ စီးပွားရေးတိုးတက် မြင့်မားခိုင်မာစေရေးအတွက် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုကဏ္ဍ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ တောင်သူလယ်သမားကြီးများအားလုံးက နိုင်ငံတော်၏ ကူညီပံ့ပိုးအားပေးမှုများနှင့်အတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားမှု အရှိန်အဟုန်ကို ဆက်လက်မြှင့်တင်ရင်း အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာစေရေး အကောင်အထည်ဖော်မှု လုပ်ငန်းများတွင် နိုင်ငံတော်နှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ကြည့်ရှုအားပေး

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုရိုနို၏ ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၄၁) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့် အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး၊
၂။ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေး၊
၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး၊
၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး၊

အင်ဒိုနီးရှားနိုင်ငံ သမ္မတကြီး၏ ဇနီးနှင့်အဖွဲ့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ကြည့်ရှုလေ့လာ

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့် အဖွဲ့ဝင်များသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၏ ဇနီး ဒေါ်မြသိဂီ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်း၏ ဇနီး ဒေါ်သွယ်သွယ်မြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ရောက်ရှိလာကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှေးဦးစွာ ဧည့်သည်တော် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့်အဖွဲ့ဝင်များအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီက မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဧည့်သည်တော် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့်အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ပြည်နယ်၊ တိုင်း အမျိုးသမီးရေးရာအဖွဲ့တို့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၏ သစ်သီးအလှပြင်ခြင်း၊ ပန်းအလှပြင်ခြင်းနှင့် ဇာထိုးပန်းထိုးပြုလုပ်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထိုမှတစ်ဆင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး၏ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်သို့ ရောက်ရှိလာကြရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဧည့်သည်တော် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့်အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများကို လှည့်လည်ကြည့်ရှု လေ့လာကြရာ မြန်မာ့ ကျောက်မျက်ရတနာပြတိုက် ပြတိုက်မှူး ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဧည့်သည်တော် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီသည်မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်၏ ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ဂုဏ်ပြုညစာတည်ခင်း

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ ဧည့်ခံဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ၎င်းတို့၏ဇနီးများ၊ အစိုးရအဖွဲ့အဖွဲ့ဝင်-ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီးနှင့် ဇနီးနှင့်အတူ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ အခြားအဆင့်မြင့် အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဇနီးတို့ တက်ရောက်ကြသည်။

အမျိုးသားသီချင်းတီးမှုတ်

ရှေးဦးစွာ နိုင်ငံတော်တီးဝိုင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း တေးသံရှင်များက မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်တွဲဖက်ကာ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာသုံးဆောင်အပြီးတွင် သဘင်ဆောင်၌ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယဉ်ကျေးမှုပဒေသာကပွဲအပြီးတွင် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့က ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနို၏ ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီနှင့်အဖွဲ့ဝင်များ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များအား တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်း-၂) (သတင်းစဉ်)



တက္ကသိုလ်ဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ဆေးရုံစာဖြေဌာနသုံးခု ဖွင့်လှစ်မည်

ရန်ကုန် မတ် ၁

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံစာစစ်အဖွဲ့တို့၏ ညှိနှိုင်းချက်အရ မတ် ၁၄ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေကြရသော ကျောင်းသား၊ ကျောင်းသူများ နစ်နာမှုမရှိစေရန် ရည်ရွယ်လျက် ဆေးရုံစာဖြေဌာနသုံးခုကို ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ဝေဘာဂီအထူးကုဆေးရုံကြီးတို့၌ ဖွင့်လှစ်ပေးရန် စီစဉ်ထားသည်။

စာမေးပွဲဝင်ရောက် ဖြေဆိုလိုကြသည့် ကျောင်းသား၊ ကျောင်းသူ (အတွင်းလူနာ) များသည် အဆိုပါ ဆေးရုံကြီးများ၌ အထူးတာဝန်ချထားသော ဆေးလူမှုဆက်ဆံရေး အရာရှိများနှင့် ဆက်သွယ်ဆောင်ရွက် အကူအညီ တောင်းခံနိုင်သည်။ (သတင်းစဉ်)

မလွန်ဆန်လှူ တရားပွဲ

ရန်ကုန် မတ် ၁

ဗဟန်းမြို့နယ် ဆရာစံတောင်(စံပြ)ရပ်ကွက်လုံးဆိုင်ရာ မလွန်ဆန်လှူ အသင်းထောက်အဖွဲ့ကြီး၏ အကြိမ် (၃၀)မြောက် ဆန်လှူရေစက်ချ ဓမ္မသဘင် ပူဇော်ပွဲအခမ်းအနားကို မတ် ၃ရက်မှ ၈ရက်အထိ ကျင်းပမည်ဖြစ်ရာ ဆရာစံတောင် (စံပြ)ရပ်ကွက် မဟာမြင့်မိုရ်လမ်းတွင် မတ် ၃ရက်နှင့် ၄ရက်ညတွင် အရှင်အာစာရာလင်္ကာရ စစ်ကိုင်းရွှေဟင်္သာဆရာတော်၊ ၅ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတ)ဗဟုဇနဟိတဓရ သာသနဓဇ ဓမ္မာစရိယ ဆရာတော်၊ ၆ရက်တွင် အရှင်ကောသလ္လ ဓမ္မစေတီဆရာတော်၊ ၇ရက်တွင် အရှင်ခေမာသီရိလင်္ကာရ (ရွှေပြည်ဟိန်း ဆရာတော်)၊ ၈ ရက်တွင် အရှင်သုန္ဒရ (စွန်းလွန်းဂူဝိပဿနာ) တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်တို့က ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ဆွမ်းချက်ဆောင်ရေစက်ချတရားပွဲ

ရန်ကုန် မတ် ၁

ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေး ဓမ္မာရုံတော်ကြီး ဆွမ်းချက်ဆောင်ရေစက်ချ အလှူတော်မင်္ဂလာ တရားဓမ္မသဘင်ပွဲ ကျင်းပမည်ဖြစ်ရာ မတ်၅ ရက် (တနင်္ဂနွေနေ့) ည ၇ နာရီတွင် ဘဒ္ဒန္တ အရှင်ဒေါက်တာကောဝိဒ (Ph.D)မဇ္ဈိမဂုဏ်ရည် ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အာတိတ်ပင်လယ်ရှိ ရေခဲပြင်များ အရည်ပျော်မှုများပြားလာသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကန်မရိန်းတပ်ဖွဲ့လေတပ်စခန်း ပြောင်းရွှေ့မည့်အစီအစဉ် ဂျပန် ကန်နိုယာမြို့သူမြို့သားများ ကန့်ကွက်ဆန္ဒပြ

တိုကျို ဖေဖော်ဝါရီ ၂၈

အမေရိကန်မရိန်းတပ်ဖွဲ့၏ လေယာဉ်အုပ်စုကို ဂျပန်နိုင်ငံ ကန်နိုယာမြို့သို့ရွှေ့ပြောင်းမည့် အမေရိကန်စစ်ဘက်၏ အစီအစဉ်နှင့်ပတ်သက်၍ ထောင်ချီရှိသည့် ကန်နိုယာမြို့သူ၊ မြို့သားများက မကျေနပ်ကြသဖြင့် တနင်္ဂနွေနေ့က ကန့်ကွက်ဆန္ဒပြကြကြောင်း ကျိုဒိုသတင်းဌာနကဖော်ပြသည်။

အမေရိကန်စစ်ဘက်အစီအစဉ်အရ ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းရှိ အမေရိကန်မရိန်းတပ်ဖွဲ့မှ လေတပ်စခန်းကို ကန်နိုယာမြို့ရှိ ဂျပန်ရေကြောင်းကာကွယ်ရေး တပ်ဖွဲ့ (အမ်အက်စ်ဒီအက်ဖ်)၏ လေတပ်စခန်းသို့ ရွှေ့ပြောင်းပေးဖွယ်ရှိသည်။

ကန်နိုယာမြို့လယ်ရှိ အမ်အက်စ်ဒီအက်ဖ်စခန်းမှ ဆူညံသံများသည် သည်းမခံနိုင်သည့် အတိုင်းအတာအထိ ရောက်ရှိသွားခဲ့ကြောင်း ကန်နိုယာ မြို့တော်ဝန်ဖြစ်သူ ဆာကေယာမာရှီတာကို ကိုးကား၍ ကျိုဒိုသတင်းဌာနက ဖော်ပြသည်။

လူ ၈၂၀၀ခန့်သည် အားကစားကွင်းတွင် ပြုလုပ်သည့် ဆန္ဒပြပွဲတွင် ပါဝင်ခဲ့ကြသည်။ အမေရိကန် စစ်ဘက်၏ အစီအစဉ်နှင့်ပတ်သက်၍ အမေရိကန်အစိုးရက ပြန်လည်သုံးသပ်နိုင်စေရေးအတွက် ဂျပန်အစိုးရက တိုက်တွန်းသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ရန် ဆန္ဒပြပွဲတွင် တိုက်တွန်းနှိုးဆော်ထားသည်။

ယင်းအစီအစဉ်ကြောင့် စစ်ဘက်နှင့် ဆက်နွယ်သည့် ဖြစ်ရပ်များ တိုးမြင့်ပေါ်ပေါက်လာနိုင်ပြီး ဒေသခံများ၏ လုံခြုံရေးကို ခြိမ်းခြောက် အန္တရာယ်ပြုလာနိုင်ကြောင်း၊ ဆူညံသံများကြောင့် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်းများ ထိခိုက်နိုင်ဖွယ်ရှိကြောင်း ယင်းဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ အခြေစိုက်နေထိုင်လျက်ရှိပြီး အိုကီနာဝါတွင် မရိန်းတပ်ဖွဲ့ဝင် ၁၄၀၀၀ ကျော် ဖြန့်ကြက်ထားသည်။ အမေရိကန်စစ်ဘက်အခြေစိုက်စခန်းများနှင့်စပ်လျဉ်း၍ ဒေသခံများက ရာဇဝတ်ပြစ်မှု၊ လုံခြုံရေးနှင့်ပတ်သက်၍ ယခင်ကာလကတည်းက ကျေနပ်မှုမရှိခဲ့ကြပေ။

အမ်အင်အေ၊ဆင်ဟွာ။

မော်စကိုမြို့၌ ဈေးခေါင်မိုးပြိုကျ သေဆုံးသူဦးရေ ၆၅ ဦးရှိပြီ

မော်စကို ဖေဖော်ဝါရီ ၂၈

ရုရှားနိုင်ငံ မော်စကိုမြို့တော်ဈေးတစ်ဈေး၏ ခေါင်မိုးပြိုကျမှုကြောင့် သေဆုံးခဲ့သည့်ဦးရေသည် ၆၅ဦး အထိမြင့်မားလာခဲ့ပြီး လူ ၂၂ ဦးသည် ယခုထက်တိုင်ဆေးရုံတွင်ကုသနေရကြောင်း ရုရှားအရေးပေါ်ဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ပြိုကျခဲ့သည့် အဆိုပါ အဆောက်အအုံ၏ အပျက်အစီးကြားမှ လူ ၆၄ ဦး၏ အလောင်းများကို ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ တစ်ဦးသည်ဆေးရုံတွင် သေဆုံးခဲ့ကြောင်း အင်တာဖက်သတင်းဌာနက ဖော်ပြသည်။

မော်စကို အရှေ့ပိုင်းဒေသရှိ ဈေးတစ်ဈေး၏ခေါင်မိုးကြာသပတေးနေ့က ပြိုကျခဲ့သည်။ ထိခိုက်ဒဏ်ရာရသူနှင့် သေဆုံးသူအားလုံးသည် အဇာဘိုင်ဂျန်နှင့် ဆိုဗီယက်ပြည်ထောင်စုဟောင်းနိုင်ငံများမှ ဖြစ်ကြသည်။

အဆောက်အအုံ၏ အပျက်အစီးများ ရှင်းလင်းရန် ငါးရက်ခန့် အချိန်ယူရမည်ဖြစ်ကြောင်း အဆိုပါကိစ္စ စုံစမ်းစစ်ဆေးရန် အထူးကော်မရှင်တစ်ရပ်ဖွဲ့စည်းထားကြောင်း မော်စကိုမြို့တော်ဝန် လူဇာကော့ဗ်က ကြာသပတေးနေ့ညတွင် ပြောကြားသည်။ ညတွင်းချင်း ဆီးနှင်းများ သိပ်သည်းထူထပ်စွာ ကျရောက်ခဲ့မှုနှင့် အဆောက်အအုံ ဆောက်လုပ်ရာတွင် ဒီဇိုင်းချို့ယွင်းမှုကြောင့် ယင်းသို့ ပြိုကျခဲ့ခြင်းဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်း အဆောက်အအုံ ဆောက်လုပ်ရာတွင် ပေါ့ဆမှုရှိခဲ့သည်ဟု စွပ်စွဲကာ ရာဇဝတ်ပြစ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးရေးပြုလုပ်ရန် အစိုးရရှေ့နေများက အမှုဖွင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



အင်ဒိုနီးရှားနိုင်ငံရှိ ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးနေသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားဒေ့ရှ်တွင် ကူးတို့သင်္ဘောမှောက် လူ ၅၀ ပျောက်ဆုံး

ဒါကာ(ဘင်္ဂလားဒေ့ရှ်) ဖေဖော်ဝါရီ ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပိုင်းရှိ မြစ်တစ်စင်းအတွင်း ကူးတို့သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့သဖြင့် အနည်းဆုံးလူ ၅၀ ပျောက်ဆုံးနေကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ သင်္ဘောပေါ်တွင် ခရီးသည် ၁၅၀ ခန့် လိုက်ပါစီးနင်းသွားသည်ဟု သိရပြီး အခင်းဖြစ်ပွားရာ ဒေသသို့ ကယ်ဆယ်ရေးအဖွဲ့များ ချက်ချင်းသွားရောက်ခဲ့ကြကြောင်း သတင်းများက ဆိုသည်။

ထိုသင်္ဘောသည် ကာတန်ခိုလာမြစ်အတွင်း ခုတ်မောင်းနေစဉ် နစ်မြုပ်ခဲ့ကြောင်း၊ သင်္ဘောနစ်ချိန်တွင် ရာသီဥတုမှာ သာယာလျက်ရှိကြောင်း ဘာရီဆာလ်မြို့ ရဲတပ်ဖွဲ့မှ အရာရှိတစ်ဦးက ပြောကြားသည်။ ယင်းမြို့သည် ဒါကာမြို့မှ မိုင် ၁၉၀ အကွာတွင် တည်ရှိသည်။

အင်တာနက်။

ပီရူးနိုင်ငံတွင် ယာဉ်မတော်တဆမှုဖြစ်ပွား လူ ၆၀ သေဆုံး

လီမာ ဖေဖော်ဝါရီ ၂၈

ပီရူးနိုင်ငံတွင် တနင်္ဂနွေနေ့က အဝေးပြေးဘတ်စ်ယာဉ်တစ်စီး မတော်တဆမှုဖြစ်ပွားခဲ့ရာ လူ ၆၀ အထိ သေဆုံးခဲ့ပြီး ၃၀ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ပီရူးနိုင်ငံ၏ မြို့တော်လီမာမှ ကီလိုမီတာ ၁၀၀၀ ခန့်ကွာသည့် ယာနီကွီဟူရာမြို့၏ လမ်းမပေါ်မှ အဝေးပြေးယာဉ်တစ်စီး ချောက်အတွင်းသို့ ကျခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

စင်ကာပူနှင့် အင်ဒိုနီးရှား နားလည်မှုစာချွန် လက်မှတ်ရေးထိုး

စင်ကာပူ ဖေဖော်ဝါရီ ၂၈

စင်ကာပူနိုင်ငံမှ ဆေးရုံသုံးခုနှင့် အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်မှ ဆေးရုံ ၁၄ ခုတို့သည် အာချေး- စင်ကာပူ နည်းပညာ အကူအညီ အစီအစဉ်နှင့် ပတ်သက်၍ နားလည်မှုစာချွန်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ချန်နယ်နယူးစ်အေးရှ သတင်းဌာနက တနင်္ဂနွေနေ့တွင် ဖော်ပြသည်။ နားလည်မှုစာချွန်အရ စင်ကာပူဆေးရုံကြီး၊ ကေကေအမျိုးသမီးနှင့်ကလေးဆေးရုံနှင့် အလက်ဇန်းဒရားဆေးရုံတို့က အာချေးပြည်နယ်မှ ဆေးဝန်ထမ်းဦးရေ အနည်းဆုံး ၂၀၀ ကို အချိန်တိုသင်တန်း ပို့ချပေးမည် ဖြစ်သည်။

သုံးနှစ်ကြာဆောင်ရွက်မည့် ယင်းအစီအစဉ်အတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂ သန်းခန့် ကုန်ကျမည် ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဖေဖော်ဝါရီ ၂၇ရက်ကဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်မြို့ရှိ မိကျောင်းမွေးမြူရေးနှင့် မိကျောင်းပြသရေးခြံတွင် အလှပြသ ထားသော မိကျောင်းအရုပ်တစ်ရုပ်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)

အမေရိကန်နိုင်ငံ နယူးယောက်မြို့ စက်ရုပ် ကစားစရာမျိုးစုံ ပြပွဲတွင် ပြသ ထားသည့် တွားသွားသတ္တဝါစက်ရုပ် များကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ- အင်တာနက်)



ကမ္ဘောဒီးယားနှင့်အိန္ဒိယ စီးပွားဖွံ့ဖြိုးရေးဌာနဖွင့်

ဖနောင်ပင် ဖေဖော်ဝါရီ ၂၈

ကမ္ဘောဒီးယား–အိန္ဒိယ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဌာန(စီအိုင်အီးဒီစီ)ကို ဖေဖော်ဝါရီ ၂၇ ရက်တွင် စတင်ဖွင့်လှစ်လိုက်သည်။ ထိုသို့ဆောင်ရွက်ခြင်းသည် အာဆီယံပေါင်းစည်းရေး (အိုင်အေအိုင်) ပဏာမခြေလှမ်းတစ်ရပ် အဖြစ် အိန္ဒိယနိုင်ငံက ထောက်ခံမှု တစ်ရပ်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ထိုကဏ္ဍသည် အရေးပါဝင်မှုတစ်ရပ်ဖြစ်လာမည်ဟု အီးဒီစီအဖွဲ့က မျှော်မှန်းထားသည်။ ဈေးကွက်တွင် ယှဉ်ပြိုင်မှုတစ်ရပ်အဖြစ် စီးပွားရေးလုပ်ငန်းများကို အီးဒီစီအဖွဲ့က ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။

အဆိုပါ အီးဒီစီအဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၏ အနာဂတ်ဈေးကွက်ရှာဖွေရေးလုပ်ငန်းရှင်များပိုမိုဖွံ့ဖြိုးရန်နှင့် အသေးစား၊ အလတ်စား ဈေးကွက်ရှာဖွေရေးလုပ်ငန်းရှင်များ ပိုမိုများပြားလာရန် ထိုအဖွဲ့က လေ့ကျင့်ပေးသွားမည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ဖေဖော်ဝါရီ ၂၆ရက်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် ကားအရောင်းမြှင့်တင်ရေး အခမ်းအနား၌ ပုံစံသစ်ကားများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဗီယက်နမ်၌သွေးလွန်တုပ်ကွေးဖြစ်ပွားမှု မြင့်တက်

ဟနွိုင်း ဖေဖော်ဝါရီ ၂၈

ဗီယက်နမ်နိုင်ငံ၌ ယခုနှစ် နှစ်လတာကာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကူးစက်ခံရသည့် လူနာဦးရေ ၄၈၀၀ ရှိခဲ့ကြောင်း၊ ယင်းတို့အနက် သေဆုံးသူနှစ်ဦးရှိခဲ့ကြောင်း၊ ရောဂါဖြစ်ပွားနှုန်းမှာ ယမန်နှစ် အလားတူကာလကထက် ၂၀ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဒေသဆိုင်ရာ ကျန်းမာရေးဌာနက တနင်္လာနေ့တွင် ထုတ်ပြန်ကြေညာသည်။

နိုင်ငံတစ်ဝန်းရှိ မြို့နှင့်ပြည်နယ်ပေါင်း ၂၀ တွင် ရောဂါဖြစ်ပွားလျက်ရှိပြီး ဟိုချီမင်းစီးတီးတောင်ပိုင်း၊ နိုင်ငံတောင်ပိုင်းရှိဆော့ထရန်၊ ဒေါင်သပ်နှင့် ဒေါင်နီပြည်နယ်တို့တွင် အများဆုံးတွေ့ရသည်။ ယင်းဒေသများတွင် ရာသီဥတုအခြေအနေနှင့် နေအိမ်များရှိ ဘူးခွံ၊ ပုလင်းခွံစသည့်ထည့်စရာများတွင် ရေသိုလှောင်ထားတတ်သည့် ဒေသခံများ၏ အလေ့အကျင့်များကြောင့် ရောဂါသယ်ဆောင်လာသော ခြင်များအလွယ်တကူပေါက်ပွားရကြောင်း ကျန်းမာရေးဝန်ကြီးဌာန ကြိုတင်ကာကွယ်ရေး ဆေးပညာဦးစီးဌာနက ကြေညာသည်။

ရောဂါဆက်လက်ကူးစက်မှု နည်းနိုင်သမျှ နည်းစေရန်အတွက် ခြင်များနှင့်ပိုးလောက်လန်းများကို သုတ်သင်ရှင်းလင်းပစ်ရန် ဒေသဆိုင်ရာ ကျန်းမာရေး လုပ်သားများက ဒေသခံပြည်သူများအား တိုက်တွန်းထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မြို့တော်ဘဂ္ဂဒက်တွင် စိန်ပြောင်းဖြင့်ပစ်ခတ် လူလေးဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈

အီရတ်နိုင်ငံ၏မြို့တော်ဘဂ္ဂဒက်အနောက်မြောက်ဒေသတွင် စိန်ပြောင်းကျည်ဖြင့် ပစ်ခတ်ခံရသဖြင့် လူလေးဦးသေဆုံးပြီး လူ ၁၃ဦး တနင်္လာနေ့တွင် ဒဏ်ရာရရှိခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ စိန်ပြောင်းကျည်များသည် ဈော်ဒင်အရပ်၌ နေ့ဘက်တွင် ကျရောက်ခဲ့သည်ဟု အဆိုပါ သတင်းရပ်ကွက်က ပြောကြားသည်။

အဆိုပါ သတင်းရပ်ကွက်က လူ ၁၇ဦး ဒဏ်ရာရခဲ့သည်ဟု စောစောပိုင်းကပြောကြားသည်။ သို့ရာတွင် နောက်ပိုင်းတွင် လူ ၁၃ဦးသာ ဒဏ်ရာရရှိခဲ့သည်ဟု ပြင်ဆင်ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကမ္ဘောဒီးယားနိုင်ငံ စီအမ်ရီမြို့ ဆင်ခြေဖုံးရှိ ကျေးရွာတစ်ရွာတွင် ရိုးရာလက်မှုအနုပညာ ကြိမ်ထိုးလုပ်ငန်း လုပ်ကိုင်နေကြသည်ကို ဖေဖော်ဝါရီ ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

တရုတ်လယ်သမားများ၏ ဝင်ငွေ ၂၀၀၅ ခုနှစ်တွင် ပိုမိုများပြားလာ

ပေကျင်း ဖေဖော်ဝါရီ ၂၈

တရုတ်နိုင်ငံ၌ လယ်သမားများ၏ဝင်ငွေသည် လွန်ခဲ့သော ရှစ်နှစ်တာကာလကထက် ၂၀၀၅ ခုနှစ်တွင် ပိုမိုများပြားလာကြောင်း စိုက်ပျိုးရေးဝန်ကြီး ဒူကွင်လန်က ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင် လယ်သမားများ၏ အသားတင်ဝင်ငွေသည် ယွမ် ၃၂၅၅ (အမေရိကန်ဒေါ်လာ ၄၀၁ဒသမ၉) ရှိကြောင်း၊ ၂၀၀၄ခုနှစ်ကထက် ၆ ဒသမ ၂ ရာခိုင်နှုန်း များပြားလာကြောင်း ဖေဖော်ဝါရီ ၂၅ ရက်တွင် ပေကျင်း၌ ကျင်းပသော (၁၀)ကြိမ်မြောက် အမျိုးသားညီလာခံ (အင်ပီစီ)ကော်မတီ စည်းဝေးပွဲတွင် ဝန်ကြီးဒူက ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဖေဖော်ဝါရီ ၂၇ ရက်က တရုတ်နိုင်ငံ ဆင်ကျန်းပြည်နယ်ရှိဈေးသို့ ဆန်ရောင်းချရန် သွားရောက်နေကြသော လယ်သမားများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ညီလာခံ ကျင်းပ

ဂျကာတာ ဖေဖော်ဝါရီ ၂၈

အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေးညီလာခံတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပသည်။ ထိုအစည်းအဝေးသို့ အစိုးရအထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များ၊ လုံခြုံရေးအရာရှိများနှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်ကြပြီး ၎င်းတို့၏ အတွေ့အကြုံများကို ဆွေးနွေးကြမည်ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုက ထိုအစည်းအဝေးအဖွင့်မိန့်ခွန်း ပြောကြားခဲ့ပြီး ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး အလက်ဇန်ဒါဒေါင်နာနှင့် နိုင်ငံပေါင်း ၃၀ ကျော်မှ ကျွမ်းကျင်သူများလည်း အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အင်ဒိုနီးရှားနိုင်ငံ ရဲချုပ်ဆူတန်တိုနှင့် ဩစတြေးလျနိုင်ငံရဲချုပ်မိုက်ခ်ကီတီတို့လည်း တက်ရောက်ကြသည်။

အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင်ဩစတြေးလျနိုင်ငံသည် အင်ဒိုနီးရှားနိုင်ငံနှင့် လည်းကောင်း၊ အိမ်နီးချင်း နိုင်ငံများနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်သွားမည်ဟု ထိုအစည်းအဝေးတွင် ဒေါင်နာက ကတိပေးပြောကြားသည်။

၂၀၀၂ ခုနှစ် ဘာလီဗုံးခွဲတိုက်ခိုက်မှုသည် အရှေ့တောင်အာရှဒေသအတွင်း၌ အသေခံဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အကြမ်းဖက်မှု ဘေးအန္တရာယ် ခြိမ်းခြောက်မှုတစ်ရပ် ဖြစ်ခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဩစတြေးလျသံရုံးဗုံးခွဲခံရမှုနှင့် ၂၀၀၅ ခုနှစ် အောက်တိုဘာလတွင် ဘာလီမြို့၌ တိုက်ခိုက်မှုတို့ ထပ်မံဖြစ်ပွားခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

စူးအက်တူးမြောင်းအတွင်း ရေနံယိုဖိတ်မှုဖြစ်ပွား

အစ်မာကီသာ(အီဂျစ်) မတ် ၁

စူးအက်တူးမြောင်းအတွင်း ရေနံယိုဖိတ်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ မီးလောင်လွယ်သော ကုန်ပစ္စည်းအများအပြားတင်ဆောင်လာသည့် သင်္ဘောကြီးခြောက်စင်းကို တူးမြောင်းအတွင်းသို့ ဝင်ခွင့်မပြုကြောင်း အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါတူးမြောင်းအတွင်းသို့ ဥရောပမှ အာရှသို့သွားသော အသေးစားနှင့် အလတ်စားသင်္ဘောများကိုသာ ဖြတ်သန်းသွားလာခွင့်ပြုထားသည်။

တနင်္လာနေ့က ရေနံတန်ချိန် ၃၀၀၀ တင်ဆောင်လာသော ဂရိဂိုရီဆာ–၁ သင်္ဘောကြီးသည် တူးမြောင်း၏ အနောက်ဘက်ကမ်းခြေနှင့် တိုက်မိကာ သောင်တင်ခဲ့ခြင်းကြောင့် ရေနံများယိုဖိတ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ကင်ညာနိုင်ငံရှိ ဆာဖာရီ သစ်တောဥယျာဉ်တွင် ဘာသာဘာဝ ကျက်စားနေထိုင်သော မြင်းကျားများကို ဖေဖော်ဝါရီ ၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဂရုပြုဆင်ခြင်စရာ သွေးတိုးရောဂါ

တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

ယခုအခါ ကမ္ဘာတစ်ဝန်း လူသိလည်းများသော ရောဂါများတွင် **"သွေးတိုးရောဂါ"**သည် တစ်ခုအပါအဝင်ဖြစ်သည်။ သွေးတိုးရောဂါသည် အချိန်အခါ၊ အရပ်ဒေသ၊ ဆင်းရဲချမ်းသာမရွေး ဖြစ်ပွားနိုင်ပြီး ဖြစ်ပွားလာပါက နောက်ဆက်တွဲရောဂါများဖြစ်သော လေသင်တုန်းဖြတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊ နှလုံးသွေးကြောကျဉ်းနှင့် နှလုံးသွေးကြောပိတ်ခြင်း၊ နှလုံးနှင့်ကျောက်ကပ် စွမ်းဆောင်မှု အားနည်းခြင်းတို့ကို ဖြစ်ပွားစေ၍ အသက်အန္တရာယ်ကိုပါ စိုးရိမ်ရပါသည်။ ရောဂါဖြစ်ခါစတွင် သိသာသော လက္ခဏာမပြဘဲ သွေးပေါင်ချိန်ကို စနစ်တကျ တိုင်းတာ စစ်ဆေးပြီးမှ သိရှိနိုင်သည်။ ယင်းသွေးတိုးရောဂါနှင့် စပ်လျဉ်း၍ ဆေးပညာနှစ်ရပ်စလုံးမှ ပညာရှင်ကြီးများ ရေးသားပြုစုခဲ့ကြသည့် စာအုပ်စာတမ်းများ၊ သုတေသနစာတမ်းများမှ ပြည်သူများ ယေဘုယျသိရှိနားလည်ဆောင်ရွက်နိုင်မည့် အကြောင်းအရာများကို ထုတ်နှုတ်လျက် ပြည်သူတစ်ဦးချင်းအတွက် ကျန်းမာရေးစောင့်ရှောက်မှု တစ်ရပ်အဖြစ် အထောက်အကူပြုနိုင်ရန် ရေးသားတင်ပြလိုပါသည်။

သွေးတိုးရောဂါဖြစ်ပွားရခြင်းအကြောင်းရင်းများနှင့် စပ်လျဉ်း၍ တိုင်းရင်းဆေးပညာ ရှုထောင့်အရတင်ပြရလျှင် အအေးလွန်ကဲသော နေရာတွင် အချိန်ကြာမြင့်စွာ နေထိုင်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပြီး ငြိမ်သက်စွာ နေတတ်ခြင်း၊ အမြဲတမ်း စိတ်သောက စိုးရိမ်ကြောင့်ကြမှုရှိခြင်း၊ မိမိစိတ်ကိုချုပ်တည်း တုပ်နှောင်မှုများခြင်း၊ သွေးကြောကို ပိတ်ဆို့စေသည့် အဆီအဆိမ့်များ စားသောက်မှုလွန်ကဲခြင်း၊ အချိန်အခါမရွေး ရေချိုးလေ့ရှိခြင်း၊ အအိပ်များခြင်း၊ ပူပြင်းသောရာသီဥတုတွင် အချိန်ကြာမြင့်စွာ ရေချိုးခြင်း၊ အအေးခံလွန်းခြင်း၊ အငန်အရသာနှင့် ဆားဓာတ်များ လွန်ကဲသည့် ငါးပိ၊ ငါးခြောက်၊ ငါးပိကောင်၊ ငံပြာရည် စသည့် အစားအစာများ လွန်ကဲစွာစားသောက်ခြင်း၊ ခန္ဓာကိုယ်ဝဖြိုးမှုလွန်ကဲခြင်း၊ ဆေးလိပ်သောက်ခြင်း စသည်တို့ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

သွေးတိုးရောဂါအမျိုးအစားများ

တိုင်းရင်းဆေးပညာ ရှုထောင့်အနေဖြင့် **အအေးသွေးတိုးနှင့် အပူသွေးတိုး**ဟူ၍ နှစ်မျိုးရှိပါသည်။ **အအေးသွေးတိုး** ဟူသည် ရုပ်ခန္ဓာဝဖြိုးသူများ၌ဖြစ်ပွားပြီး အများအားဖြင့် အအေးအကြောင်းခံလျက် လေအေးတက်၍ သွေးအေးပါတက်ခြင်းကြောင့် အအေးတက် ရောဂါဖြစ်ပါသည်။ **အပူသွေးတိုး** ဟူသည် ရုပ်ခန္ဓာပိန်ချုံးသူများ၌ ဖြစ်ပွားပြီး အပူအကြောင်းခံလျက် လေပူတက်၍ သွေးပါပူပြီး တက်ခြင်းကြောင့် အပူတက်ရောဂါဖြစ်ပါသည်။

အအေးသွေးတိုး၏ လက္ခဏာရပ်များမှာ ရုပ်လေးလံထိုင်းမှိုင်းခြင်း၊ ဆီးကြည်၊ ဆီးများခြင်း၊ ရင်မပူ၊ ရေမငတ်ခြင်း၊ ချွေးမထွက်ခြင်း၊ ချွေးထွက်ပါက ချွေးနည်းခြင်း၊ အိပ်ပျော်မှုများခြင်း၊ ခြေဖျားလက်ဖျားနွေးခြင်း၊ နှလုံးတုန်ရင်ခုန်ခြင်း၊ စားကောင်းခြင်း၊ ဝမ်းချုပ်ခြင်း၊ သွေးလုံးကြီးခြင်း၊ ဇက်ကြောတက်ခြင်း၊ ဇက်လေးခြင်း၊ မျက်စိမျက်တောင်လေးခြင်း၊ မူးဝေခြင်း စသည်တို့ဖြစ်ပါသည်။

အပူသွေးတိုး၏ လက္ခဏာရပ်များမှာ ဆီးနည်း၊ ဆီးဝါခြင်း၊ ဝမ်းချုပ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောထိုး၊ ဇက်ကြောတက်ခြင်း၊ မူးဝေခြင်း၊ မျက်ရိုးကိုက်ခြင်း ခြေဖဝါးလက်ဖဝါးနီခြင်း၊ ရုပ်ပေါ့ပါးခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ရင်ပူ၊ ရေငတ်ခြင်း၊ ခန္ဓာကိုယ်အပေါ်ပိုင်း ချွေးထွက်ခြင်း၊ စားကောင်းအိပ်ပျော်ခြင်း စသည်တို့ဖြစ်ပါသည်။

အအေးသွေးတိုးအတွက် စားသုံးရန်ဆေးမှာ အအေးသွေးတိုးရောဂါအတွက် **ပထမဆေး** အဖြစ် နန္ဒင်းခါးမှုန့် ည/နံနက် နှစ်ပဲသားခန့် ရေနွေးနှင့် သုံးရက်သောက်ရပါမည်။ **ဒုတိယဆေး** အဖြစ် သက်ရင်းရွက်အစို ငါးကျပ်သားကို ရေ ၂၄ အောင်စဝင် ပုလင်းဖြင့် တစ်ဝက်ပမာဏခန်းအောင်ပြုတ်ပြီး ကျန် ၁၂ အောင်စ ရေကို နံနက်/ည သုံးရက်သောက်ရပါမည်။ **တတိယဆေး** အဖြစ် မြင်းခွာရွက် သုံးကျပ်သား သတ္တုရည်ကို နှစ်ခွက်စာပြု၍ ည/နံနက် သုံးရက်သောက်ရပါမည်။ ဆေးသောက်ရန် အသေးစိတ်အစီအစဉ်များမှာ ရောဂါနုလျှင် **ပထမဆေး**ကို သုံးရက်သောက်ပါက သွေးပေါင်ချိန်ကျနိုင်ပါသည်။ ရောဂါအလတ်စားဖြစ်၍ ပထမဆေးကို သုံးရက်သောက်ပြီးသည့်တိုင် သွေးပေါင်ချိန်မကျလျှင် **ဒုတိယဆေး**ကို ထပ်မံပြီး သုံးရက်သောက်ပါက သွေးပေါင်ချိန်ကျဆင်းပါမည်။ ရောဂါရင့်၍ ပထမဆေးနှင့် ဒုတိယဆေးများကို သောက်ပြီးသည့်တိုင် သွေးပေါင်ချိန်မကျလျှင် **တတိယဆေး**ကို သောက်ရပါမည်။ တတိယဆေး သုံးရက်သောက်ပြီးလျှင် သွေးပေါင်ချိန် ကျဆင်းပါမည်။

သတိပြုရန်မှာ ပထမဆေး သုံး ရက်သောက်ပြီးပါက အအေးသွေးတိုး ဆီး၊ ဝမ်း၊ လေမှန်ဆေးကို ညအိပ်ရာဝင်သောက်ရပါမည်။ ထို့အတူ ဒုတိယဆေးနှင့် တတိယဆေး တို့ကိုလည်း သုံးရက်သောက်ပြီး ညအိပ်ရာဝင်လျှင် ၎င်းအအေးသွေးတိုး ဆီး၊ ဝမ်း၊ လေမှန်သောဆေးကို သောက်ရပါမည်။ **အအေးသွေးတိုး ဆီးဝမ်းလေမှန်ဆေး** မှာ မင်းကိုကာ၊ မန်ကျည်းနှစ်၊ သကြား ငါးကျပ်သားစီ၊ ပိတ်ချင်း ရှစ်ပဲသား၊ ချင်း လေးပဲသား၊ ငရုတ်ကောင်း နှစ်ပဲတို့တွင် မင်းကိုကာ၊ ပိတ်ချင်း၊ ချင်း၊ ငရုတ်ကောင်းလေးမျိုးကို အမှုန့်ပြု၊ မန်ကျည်းသီး၊ သကြားတို့ဖြင့် ရောတေပြီး ညအိပ်ရာဝင် ရှစ်ပဲသားခန့် သောက်၊ ဝမ်းပိုဆင်းလိုပါက တစ်ကျပ်သားစားရပါမည်။

ပထမ၊ ဒုတိယ၊ တတိယ ဆေးသုံးမျိုးစလုံး သုံးရက်စီသောက်သော်လည်း သွေးပေါင်ချိန် မကျသေးပါက ဆေးသုံးမျိုးစလုံးကို ပြန်၍ အထက်ပါအစီအစဉ်အတိုင်း သုံးရက်စီပြန်၍ သောက်ပါက သွေးတိုးရောဂါ သက်သာပျောက်ကင်းပါမည်။

အအေးသွေးတိုးအတွက် စားသုံးရန် အသီးအရွက်များ မှာ ခွေးတောက်၊ မြန်မာကုက္ကို၊ ဥသျှစ်ရွက်၊ ရဲယို၊ ပြည်ပန်းညို၊ ကြောင်ပန်းရွက်၊ ခံတက်၊ ကြိတ်မှန်၊ ငါးရံ့ပတူ၊ ကြာဟင်း၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက် စသည်တို့ဖြစ်ပါသည်။

အပူသွေးတိုးအတွက် စားသုံးရန်ဆေးမှာ အပူသွေးတိုးရောဂါအတွက် **ပထမဆေး** အဖြစ် ပထမ သုံးရက် နံနက်ပိုင်း ရေနွေးပူပူ သုံးအောင်စတွင် သံပရာရည် တစ်အောင်စ ရော၍ နံနက် ၆ နာရီအချိန်တိုင်း နွေးနွေး သောက်ရပါမည်။ **ဒုတိယဆေး** အဖြစ် ဒုတိယသုံးရက် နံနက် ၆ နာရီနှင့် မွန်းလွဲ ၁ နာရီအချိန်တို့တွင် ရေနွေးပူပူ ငါးအောင်စတွင် သံပရာရည် ခုနစ်အောင်စဝက်နှင့် သကြားလက်ဖက်ရည်ဇွန်းတစ်ဇွန်းဖြင့် ချိုချဉ်မျှ အရသာပေါ်အောင်ဖျော်ပြီး နေ့စဉ် သုံးရက်ဆက်သောက်ရပါမည်။ **တတိယဆေး** အဖြစ် တတိယ သုံးရက် နံနက်/ည လယ်ပတူရွက် ၁၀ ကျပ်သားကို ရေ ၃၀ ကျပ်သားနှင့် ပြုတ်၍ တစ်ဝက်ခန့်အအေးခံပြီး ဆေး (သုံးရက်စာဖြစ်၍) သုံးရက်သောက်ရပါမည်။ ၎င်းဆေးများ သောက်သော်လည်း သွေးတိုးချိန်မကျပါက အကြောပေါင်း တစ်ထောင်ပင် ပဋ္ဌငါးပါး (အချို့အရပ်ဒေသတွင် ဖားကြောပင်ဟုခေါ်သည်။) ၁၀ ကျပ် သားကို ရေ သုံးကျပ်သားဖြင့်ပြုတ်၍ တစ်ဝက်ခန့် အအေးခံပြီး ည၊ နံနက် (သုံးရက်စာဖြစ်၍) သုံးရက် ဆက်သောက်ရပါမည်။

သတိပြုရန်မှာ– ဆေးသောက်ပြီး သုံးရက်ပြည့်သောရက်တိုင်း ညအိပ်ရာဝင်လျှင် အပူသွေးတိုး၊ ဆီး ဝမ်း၊ လေမှန်ဆေးကို ရှစ်ပဲသားခန့် သောက်ရပါမည်။ **အပူသွေးတိုး ဆီး၊ ဝမ်း၊ လေမှန်ဆေး** မှာ–မင်းကိုကာ၊ ပွေးကိုင်း၊ မန်ကျည်းနှစ်၊ သကြားငါးကျပ်သားစီတွင် မင်းကိုကာ၊ ပွေးကိုင်းကို အမှုန့်ပြု၍ မန်ကျည်းနှစ်၊ သကြားတို့ဖြင့် ရောတေပြီး ညအိပ်ရာဝင် ရှစ်ပဲသားခန့် ရေအေးဖြင့် သောက်ပေးပါ။ ဝမ်းဖောဖောသွားလိုက တစ်ကျပ်သားခန့် စားရန်ဖြစ်ပါသည်။

အပူသွေးတိုးရောဂါအတွက် စားသုံးရန် အသီးအရွက်များမှာ ရှောက်ချိုကျွဲကော၊ နာနတ်၊ ကမ္ဗလာသီး၊ လိမ္မော်၊ သလဲသီး၊ စပျစ်သီး၊ ဆီးတော်၊ သရက်၊ မရမ်း၊ သံပရာတို့ကို ဖျော်ရည်အဖြစ် သောက်သုံးနိုင်ပြီး မန်ကျည်းရွက်၊ ကင်ပွန်းချဉ်ရွက်၊ ကင်မလင်း၊ ကုလားပဲ၊ ခွေးတောက်ရွက်၊ မုန်လာဥ၊ မုန်ညင်းချဉ်၊ မုန်ညင်းရွက်၊ ဥကန်စွန်းရွက်၊ ကျောက်ဖရုံသီး၊ ဘူးရွက်ချဉ်ရည်ချက်၍ စားနိုင်ပါသည်။ အစာလည်းဆေး ဆေးလည်း အစာအဖြစ် ကြက် ၂၅ ကျပ်သား၊ ၃၀ ကျပ်သားခန့် တစ်ကောင်ကို ပြုတ်၍ သံပရာရည်နှင့်ဆမ်းပြီး သောက်ရပါမည်။

သွေးတိုးရောဂါအတွက် ရှောင်ကြဉ်ရန် အစားအစာများမှာ အဆီအစေးများသော ငကျွဲ၊ ပေါ်ဆန်းမွှေး အစရှိသော ဆန်များ၊ စားအုန်းဆီ၊ ပဲဆီ၊ ဘဲသား၊ ဝက်သား၊ အမဲသား၊ ငါးဖယ်၊ ငါးဘတ်၊ ငါးခုံးမ၊ ပုစွန်ဆိတ်၊ ပုစွန်လုံး၊ ပုစွန်ချဉ်၊ ငါးသလောက်၊ ကဘီလူး၊ ပဲငါးပိ၊ ပဲကြီး၊ ဥအမျိုးမျိုး၊ ငှက်ပျောသီး၊ ပိန္နဲသီး၊ သြဇာသီး၊ မာလကာသီး၊ ဒူးရင်းသီး၊ ဖရုံသီး၊ ရုံးပတီသီး၊ ကြက်ဟင်းခါးသီး၊ ကြောင်လျှာသီး၊ မှိုအမျိုးမျိုး၊ ကညွတ်၊ အင်ဥ၊ နံနံပင်၊ စပါးလင်၊ မျှစ်၊ မျှစ်ချဉ်၊ ပီလောပီနံ၊ မဲဇလီရွက်၊ ကောက်ညှင်း၊ အုန်းနို့ပါသော မုန့်အမျိုးမျိုး၊ ပုန်းရည်ကြီး၊ လက်ဖက်၊ ချိုသော၊ ဆိမ့်သော၊ ဖန်သောအရသာရှိသည့် အစားအစာများ၊ ဆိုဒါပါသော အစားအစာများ၊ နံပြား၊ ခေါက်ဆွဲ၊ ပေါင်မုန့်၊ ရေခဲမုန့်၊ ချောကလက်နှင့် အငန်အရသာ လွန်ကဲသော အစားအစာများဖြစ်သည့် ငါးပိ၊ ငါးခြောက်၊ ငံပြာရည်၊ ဆားငန်သီး၊ ဆီးငန်သီး၊ စည်သွတ် အစားအစာများ၊ မုန်လာဥနီ စသည်တို့ ဖြစ်ကြသည်။

သွေးတိုးကျဆေးနည်းမှာ မိုးနံမြစ်၊ ဘုမ္မရာဇာ၊ ဆေးပုလဲ၊ ကန့်ကလာ၊ ဧကရာဇ်၊ ဆင်တုံးမနွယ်၊ ငရုတ်ခါး(ခေါ်) ဆေးခါးကြီးစသည်တို့ကို ဆတူပမာဏရောစပ်၍ ဆေးပြားရိုက်ပြီး တစ်ကြိမ်သောက်လျှင် ဆေးပြားနှစ်ပြားမှ သုံးပြားနှုန်းဖြစ်စေ အမှုန့်ဖြစ်ပါက နှစ်ပဲသားခန့်ဖြစ်စေ၊ သွေးပေါင်ချိန်အခြေအနေပေါ် မူတည်၍ တစ်နေ့နှစ်ကြိမ်ခန့် သောက်နိုင်ပြီး အရေးပေါ်သွေးကျဆေးအဖြစ် ကန့်ကလာ(သို့မဟုတ်) တောနှမ်းကို ထန်းလျက်နှင့်ကျိုပြီး အကြမ်းပန်းကန်တစ်လုံးပမာဏ ပူပူမှုတ်သောက်ပါက သွေးတိုးကျနိုင်ပါသည်။

သွေးတိုးရောဂါများကို ကာကွယ်ရန်နည်းလမ်းများမှာ အအေးလွန်ကဲသောနေရာတွင် နေထိုင်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ စိတ်ကိုတည်ငြိမ်ပျော်ရွှင်စွာနေထိုင်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ သင့်တင့်လျောက်ပတ်သော ကိုယ်လက်လှုပ်ရှားမှုပြုခြင်း၊ (ဥပမာ–လမ်းလျှောက်ခြင်း၊ ဂေါက်သီးရိုက်ခြင်း၊ ခြင်းလုံးခတ်ခြင်း) အဆီ အစေးအသားဓာတ်များသော အစားအစာများကို လျှော့စားခြင်း၊ ပူ၊ ခါး၊ ချဉ်စပ်အရသာရှိ အစာများကို စားသုံးခြင်း၊ သတိတရားအစဉ်ထားရှိခြင်း၊ အနားယူအပန်းဖြေခြင်း၊ အရက်၊ ဆေးလိပ်နှင့် လက်ဖက်ရည် အလွန်အကျွံသောက်ခြင်းကို ရှောင်ကြဉ်ခြင်း၊ အမျိုးသမီးများအနေဖြင့် ပဋိသန္ဓေတားဆေးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ခြင်း၊ တင်းတိမ်ရောင့်ရဲမှုရှိခြင်း၊ ဒေါသကို ထိန်းသိမ်းတားဆီးခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းကျန်းမာရေးကို ဂရုပြုဆောင်ရွက်ခြင်း၊ ဆားကိုလျှော့စားခြင်း၊ အငန်ဓာတ်များသော အစားအစာများ၊ အတက်စာများ၊ ကြော်ကျက်ခဲသော အစားအစာ၊ ဆားနှင့် ဆိုဒါပါသည့် ခေါက်ဆွဲ၊ နံပြား၊ ကိတ်မုန့်၊ ဖျော်ရည်အမျိုးမျိုးတို့ကို ရှောင်ကြဉ်ခြင်း၊ ဒိန်ခဲများ၊ ဝက်ဆီ၊ ထောပတ်၊ အုန်းသီး၊ မြေပဲဆီနှင့် ဝက်သားတို့ကို ရှောင်ကြဉ်ခြင်း၊ လတ်ဆတ်သော အသားနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးခြင်း၊ ဆိုဒီယမ်များပါဝင်သည့် ဆေးဝါးများနှင့် အစားအစာများကို မသုံးစွဲခြင်း၊ မျိုးရိုးထဲတွင် သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကျောက်ကပ်ရောဂါရှိသူများအနေဖြင့် သွေးပေါင်ချိန်ကို မှန်မှန်ချိန်ခြင်း၊ ခန္ဓာကိုယ်ဝဖြိုးနေပါက ကိုယ်အလေးချိန်လျှော့ချခြင်း၊ အဆီ၊ အဆိမ့်၊ အချို၊ ဆားနှင့် အငန်အရသာရှိသော အစားအစာများကို လျှော့စား၍ ဟင်းသီးဟင်းရွက် သစ်သီးတို့ကို စားခြင်းတို့ ဖြစ်ပါသည်။

သွေးတိုးရောဂါသည် သိသာသောလက္ခဏာများ မပြတတ်ဘဲ ဖြစ်ပွားနိုင်ခြင်းကြောင့် မိမိ၏ သက်ရှည်ကျန်းမာရေးအတွက် သွေးတိုးရှိ၊ မရှိ ခြောက်လတစ်ကြိမ် (လိုအပ်ပါက အကြိမ်စိပ်၍လည်း တိုင်းတာနိုင်ပါသည်။) စနစ်တကျတိုင်းတာခြင်း၊ မိမိ၏ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဆေးပညာရှင်တစ်ဦးဦးနှင့် အမြဲတမ်းဆွေးနွေး တိုင်ပင်လျက် မိမိ၏နေ့စဉ် စားသောက်နေထိုင်မှုပုံစံကို အထူးအလေးထား ဆင်ခြင်ခြင်း၊ ကြိုတင်ကာကွယ်သည့် နည်းလမ်းများ ဆောင်ရွက်ခြင်း၊ လိုအပ်ပါက ဆေးများ စနစ်တကျ မှန်မှန်ကန်ကန် စားသုံးခြင်းဖြင့် ဖြစ်ပွားမှုလည်းများ၊ အခြားဆင့်ပွားရောဂါများကိုလည်း ဖြစ်စေတတ်သည့် သွေးတိုးရောဂါ၏ အန္တရာယ်မှ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- **၇း၀၀** ၁။ မြဝတီအဖွင့်
- **၇း၀၅** ၂။ အဖွင့်သီချင်း
- **၇း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇း၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇း၅၅** ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈း၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈း၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈း၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄း၀၀** ၁။ မြဝတီအဖွင့်
- **၄း၀၅** ၂။ အဖွင့်သီချင်း
- **၄း၁၀** ၃။ မျိုးချစ်တပ်မတော်
- **၄း၂၀** ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄း၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၄း၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄း၅၀** ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- **၅း၀၀** ၈။ မျိုးချစ်တပ်မတော်
- **၅း၄၀** ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- **၅း၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆း၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆း၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆း၂၀** ၁၃။ မိုးလေဝသသတင်း
- **၆း၂၅** ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၆း၃၀** ၁၅။ **ကာတွန်းအစီအစဉ် ပါကျဲ (အပိုင်း–၁၄)**
- **၆း၅၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇း၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြက်ခင်းစိမ်းနဲ့ အိမ်ကလေး" (အပိုင်း–၁)**
- **၈း၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ မြဝတီရဲ့ မြဝတီ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပါရမီရှင်သိုင်းလုလင်" (အပိုင်း–၂၂)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

ခြစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီထုတ်လုပ်နိုင်သော စွမ်းရည်နှင့်နည်းပညာကို ဖော်ထုတ်နိုင်ခဲ့ တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန် နိုင်ငံတော်က အားပေးဆောင်ရွက်နေပြီ

* ရှေ့ဖုံးမှ

လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသည် နိုင်ငံသူ နိုင်ငံသားများ၏စားနပ်ရိက္ခာ ဖူလုံပြည့်စုံစေရေးအတွက်သာမက နိုင်ငံတော်၏ စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကိုပါ ဖော်ဆောင်ဖြည့်ဆည်းပေးနေသော ထုထည်ပမာဏကြီးမားခိုင်ခံ့သည့် အခြေခံအကျဆုံး ကုန်ထုတ်လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါသည်။ ထို့အပြင်လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားကြီးများ အပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ၏လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်သော စီးပွားရေးကဏ္ဍကြီးတစ်ရပ်လည်းဖြစ်ပါသည်။

သို့ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စီးပွားရေးတိုးတက်မြင့်မားခိုင်မာစေရေးအတွက်စီးပွားရေးဦးတည်ချက်များ၊အမျိုးသားစီးပွားရေးစီမံကိန်းများချမှတ်လျက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် စိုက်ပျိုးရေးကို အခြေခံပြီးစက်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍ၊စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်စွမ်းအားကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍ စသည့် စီးပွားရေးကဏ္ဍများအားလုံး အပြန်အလှန် အထောက်အကူပြုလျက် ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်၏အခြေခံအကျဆုံးသော စီးပွားရေးကဏ္ဍဖြစ်သည့်အပြင် နိုင်ငံသူ နိုင်ငံသားအများစုဖြစ်သည့် တောင်သူလယ်သမားကြီးများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်ရေးအတွက် မြေသယံဇာတ၊ ရေသယံဇာတများကို အစွမ်းကုန်အသုံးချနိုင်စေရေး၊ ခေတ်မီစိုက်ပျိုးရေးနည်းပညာများရရှိရေးနှင့် စက်မှုစိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးတို့ကို နိုင်ငံတော်က အထူးအားပေးဆောင်ရွက်လျက်ရှိပါသည်။

စိုက်ပျိုးရေးကဏ္ဍ၏ အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြားကျခံသုံးစွဲလျက် ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေသဘာဝအခြေအနေကိုလိုက်၍ တစ်နိုင်ငံလုံးဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိပါသည်။

ထို့ကြောင့် ၁၉၈၈ခုနှစ်မှစ၍ ယနေ့အချိန်အထိ ဆည်မြောင်းတာတမံ ၁၈၃ခုကို ဘဏ္ဍာငွေကျပ် သန်းပေါင်း ၁၂၀၆၀၀ကျော် ကျခံသုံးစွဲလျက် တည်ဆောက်ပေးခဲ့သဖြင့် လယ်ယာမြေ ဧက ၂ဒသမ ၄သန်းကျော်ကို အကျိုးပြုနိုင်ခဲ့ပြီဖြစ်ပါသည်။ စိုက်ပျိုးရေ ရရှိရေး လုပ်ငန်းများတွင် မြစ်ရေတင်စီမံကိန်းများကို အကွက်ချတည်ထောင်ပေးခဲ့သဖြင့် နိုင်ငံအနှံ့ မြစ်ရေတင်လုပ်ငန်းပေါင်း ၂၉၃ခုဖြစ်ထွန်းလာပြီး လယ်ယာမြေဧက လေးသိန်းခန့်ကို အကျိုးပြုနိုင်လျက်ရှိပြီဖြစ်ပါသည်။

စိုက်ပျိုးရေပေးသွင်းနိုင်ပြီး သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ခြင်းကြောင့်လည်းကောင်း၊ မြေလွတ်မြေရိုင်းများ၊ ပလပ်မြေများ၊ ရေကြီးကွင်း၊ ရေနက်ကွင်းများကို အဖိုးတန်လယ်မြေများအဖြစ် ဖော်ထုတ်တိုးချဲ့နိုင်ခြင်းကြောင့်လည်းကောင်း၊ မျိုးကောင်းမျိုးသန့်နှင့်ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်ခြင်းကြောင့်လည်းကောင်း သီးနှံစိုက်စွမ်းအားတိုးတက်မှု၊ အထွက်နှုန်းမြင့်မားမှု အကျိုးရလဒ်များကို တောင်သူလယ်သမားကြီးများ ရရှိခံစားနေကြရပြီဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးကဏ္ဍ တိုးတက်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို မြှင့်တင်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုအထောက်အကူဖြစ်စေနိုင်ရေးအတွက် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြွေလှေ့ခြင်းတို့ကို စက်ကိရိယာအင်အား သုံးစွဲဆောင်ရွက်သည့် စက်မှုလယ်ယာစနစ်သို့ကူးပြောင်းနိုင်စေရန် လယ်ယာသုံးစက်ကိရိယာများ တိုးတက်ထုတ်လုပ်ရေးအစီအမံများကို နိုင်ငံတော်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်လျက်လည်းရှိပါသည်။

စက်မှုလယ်ယာစနစ် ကူးပြောင်းရေးတွင် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော စွမ်းအင်ကဏ္ဍတွင်လည်း မြန်မာနိုင်ငံတွင် အလေ့ကျပေါက်ရောက်နေသည့် ခြစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာဆီ ထုတ်လုပ်နိုင်သော စွမ်းရည်နှင့်နည်းပညာကို ဖော်ထုတ်နိုင်ခဲ့ပြီဖြစ်သဖြင့် ခြစည်းရိုးကြက်ဆူပင်များ တစ်နိုင်ငံလုံးတွင် အလုံးအရင်းဖြင့် စိုက်ပျိုးထုတ်လုပ်သွားရန်နိုင်ငံတော်ကအားပေးဆောင်ရွက်နေပြီဖြစ်ပါသည်။ တောင်သူလယ်သမားကြီးများကလည်း လွယ်လင့်တကူ စိုက်ပျိုးထုတ်လုပ်နိုင်ပြီး အသုံးဝင်မှု တန်ဖိုးကြီးမားလှသည့် ခြစည်းရိုးကြက်ဆူပင်များကို စက်မှုလယ်ယာစနစ် ဖြစ်ထွန်းရေးအတွက်လည်းကောင်း၊ ကျေးလက်သုံး လျှပ်စစ်နှင့် စွမ်းအင်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေးအတွက်လည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အဓိကတွန်းအားတစ်ရပ်အနေဖြင့်လည်းကောင်း၊ သွင်းကုန်အစားထိုး စီးပွားရေးလုပ်ငန်းတစ်ရပ်အဖြစ်လည်းကောင်း ကြီးမားသောရည်မှန်းချက်များထားလျက် စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်သွားကြရန် တိုက်တွန်းအပ်ပါသည်။

ချစ်ကြည်လေးစားအပ်သော တောင်သူလယ်သမားကြီးများခင်ဗျား–

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ၊ နိုင်ငံသားပြည်သူများအားလုံး၏ လူမှုဘဝတိုးတက်မြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်လျက် နယ်ပယ်ကဏ္ဍစုံမှ နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိပါသည်။ ယင်းအမျိုးသားရေးရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် နိုင်ငံတော်၏စီးပွားရေး ခိုင်မာတောင့်တင်းမှုစွမ်းအား၊ အမျိုးသားစည်းလုံးညီညွတ်မှုစွမ်းအားတို့ဖြင့် ဖော်ဆောင်ပေးကြရမည်ဖြစ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေး မူဝါဒအပေါ်တွင် မြဲမြံစွာရပ်တည်လျက် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနှင့် အမျိုးသား စည်းလုံးညီညွတ်မှုတို့ ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်လျက်ရှိပါသည်။

ထို့အပြင် ပြည်သူများ၏ လိုလားတောင့်တချက်များနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်လျက် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံ ကျင်းပခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အရှိန်မှန်မှန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ပါသည်။ ယင်းအမျိုးသားညီလာခံကြီးတွင် တောင်သူလယ်သမားကြီးများ၏ ကိုယ်စားလှယ်များလည်း အမျိုးသားညီလာခံကိုယ်စားလှယ်များအဖြစ် တစ်တပ်တစ်အား ပါဝင်တက်ရောက်၍ အမျိုးသားရေးတာဝန်ကြီးအား ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။

ယင်းသို့သောအချိန်အခါတွင် ကိုလိုနီနယ်ချဲ့လက်သစ်များက ယင်းတို့၏လက်ကိုင်တုတ်ပုဆိန်ရိုးများကို အသုံးပြု၍နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်အောင်၊ အမျိုးသားညီလာခံကြီးကို သေးသိမ်မှေးမှိန်အောင် နည်းမျိုးစုံဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိသည်ကို တောင်သူလယ်သမားကြီးများ အပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက သတိရှိရှိဖြင့် ကာကွယ်တားဆီးသွားရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှုလျက်–

- **နိုင်ငံတော်၏ အဓိကစီးပွားရေးကဏ္ဍကြီးဖြစ်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေသည့် ပြည်တွင်း၊ပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို ကာကွယ်တိုက်ဖျက်ရေးအတွက်လည်းကောင်း၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်းကောင်း**

တောင်သူလယ်သမားကြီးများက အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ နိုင်ငံတော်အစိုးရနှင့်အတူ တက်ကြွစွာပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

အံ့ဖွယ်လေကြောင်းစွမ်းရည်ပြပွဲ တရုတ်နိုင်ငံတွင်ပြသရန်ရုရှားစီစဉ်

ပေကျင်း မတ် ၁

ရုရှားလေယာဉ်မှူးများ ပါဝင်သည့် အုပ်စုတစ်စုက တရုတ်ပြည်အလယ်ပိုင်းဒေသရှိ ဥမင်လိုဏ်ခေါင်းအတွင်းမှ ဂျက်တိုက်လေယာဉ်များ ဖောက်ထွက်ပျံသန်းပြမည့် လေကြောင်းစွမ်းရည်ပြပွဲကိုတင်ဆက်ကြမည်ဖြစ်သည်။ယင်းပြပွဲကို အမေရိကန်ဒေါ်လာ ၈၄၀ ဝင်ကြေးပေး၍ ကြည့်နိုင်သည်ဟု သိရသည်။

ရုရှားလေတပ်မှ ဂျက်တိုက်လေယာဉ်များတွင် အက်စ်ယူ–၃၀နှင့် အက်စ်ယူ–၂၇ အမျိုးအစားလေယာဉ်များ ပါဝင်မည်ဖြစ်ပြီး ယင်းလေယာဉ်များဖြင့် တရုတ်ပြည် ယူနန်ပြည်နယ်ရှိ နာမည်ကျော် တိုင်ယန်မင်ဥမင်လိုဏ်ခေါင်းမှ ဖောက်ထွက်ပျံသန်းသည့် အံ့ဖွယ်စွမ်းရည်ပြပွဲကို ယခုလအတွင်း တင်ဆက်မည်ဟု ယူနန် နေ့စဉ်သတင်းစာက ရေးသားသည်။

အကြီးဆုံး

ယင်းဥမင်လိုဏ်ခေါင်းသည် အရှည်မီတာ ၂၈၀ ခန့်နှင့် အမြင့်မီတာ ၁၃၀ ရှိပြီး အကျယ်ဆုံးနေရာတွင် ၅၇မီတာရှိမည်ဖြစ်ကာ အကျဉ်းဆုံးနေရာတွင် ၂၈မီတာရှိမည်ဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေတိုက်စားမှုကြောင့် ဖြစ်ပွားလာသည့် ဥမင်လိုဏ်ခေါင်းများအနက် ယင်းလိုဏ်ခေါင်းသည် အကြီးဆုံးဖြစ်သည်။

အင်တာနက်။

မတ် ၁ရက်က ဂျာမနီနိုင်ငံမြောက်ပိုင်းရှိ ချာပရော့မြို့၌ ကြောင်တစ်ကောင်ကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

နည်းပညာ အဆင့်မြင့်သည့် ဆူခွိုင်းအက်စ်ယူ–၃၀ အမျိုးအစား တိုက်လေယာဉ်တစ်စင်းနှင့် အတူ ရုရှားတိုက်လေယာဉ်မှူးများ အဖွဲ့ကို မတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်တာနက်သတင်းများ

ဂျာမနီနိုင်ငံတွင် ကြောင်တစ်ကောင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံး

ဘာလင် မတ် ၁

ဂျာမနီနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြင့် သေဆုံးသည့် ကြောင်တစ်ကောင်ကို တွေ့ရှိရကြောင်း၊ ဥရောပအလယ်ပိုင်းဒေသတွင် ကြက်ငှက်သတ္တဝါမဟုတ်ဘဲ ကြောင်တစ်ကောင်၌ ယင်းဗိုင်းရပ်စ်ရောဂါကို ရှာဖွေတွေ့ရှိရခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘောလ်တစ်ပင်လယ်ရှိ ရေဂန်ကျွန်းတွင် ပြီးခဲ့သည့်ရက်သတ္တပတ်ကုန်က ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ရောဂါဖြင့် သေဆုံးသည့် ကြောင်တစ်ကောင်ကို တွေ့ရှိရကြောင်း၊ ရေဂန်ကျွန်းတွင် H-5 N-1 ဗိုင်းရပ်စ်ပိုး ကျရောက်မှုကြောင့် တောတွင်း၌ ကျက်စားသော ကြက်ငှက်ကောင်ရေ ၁၀၀ ကျော်မှာ ကြက်ငှက်တုပ်ကွေးရောဂါကိုခံစားခဲ့ရပြီး အများစုမှာ သေဆုံးခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကြောင်တစ်ကောင်သည် ရောဂါဖြင့် သေဆုံးသော ကြက်ငှက်တစ်ကောင်ကို စားသုံးမိရာမှ ရောဂါပိုးကူးစက်ခံခဲ့ရသည်ဟု ယူဆရသည်။

အင်တာနက်။



ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ရှိ ဂုဏ်ပြုခန်းမဆောင် အလေးပြုခံစင်မြင့်၌ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင် ခင်ဝင်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှား သမ္မတနိုင်ငံသံအမတ်ကြီး Mr. Wyoso Prodjowarsitoနှင့် ဇနီးနှင့် သံရုံး အဖွဲ့ဝင်များနှင့် သံရုံးမိသားစုဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ခရီးဦးကြိုဆို

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား သယ်ဆောင် ပျံသန်းလာသည့် အထူးလေယာဉ်သည် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်နှင့် ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wyoso Prodjowarsitoတို့က အထူးလေယာဉ်ပေါ်သို့တက်ရောက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရှေးဦးစွာ ခရီးဦးကြိုဆို နှုတ်ဆက် ကြသည်။

ထို့နောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့သည် အထူး လေယာဉ်ပေါ်မှ ဆင်းသက်လာကြရာ အမြောက် ၂၁ ချက် ပစ်ဖောက်၍ ဂုဏ်ပြုသည်။

ဆီးကြိုနှုတ်ဆက်

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီ တို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ် မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က အထူးလေယာဉ် လှေကားထိပ်တွင် ဆီးကြိုကာ နှုတ်ဆက်ကြသည်။

ထို့အပြင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း၌ အသင့်စောင့်ကြို နေကြသော ကျောင်းသူကလေးများကလည်း နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း၊ နှစ်နိုင်ငံ ချစ်ကြည်ရေးကြွေးကြော်သံများကို ကြွေးကြော်၍ လည်းကောင်း သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံ[...] ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသ[...] လည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီ[...] ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုရိုနိုတို့ ဂု[...]

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသ[...] သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီ[...] ခရစ္စတီယာနီဟယ်ယာဝါတီတို့အား မိမိနှင့်[...] အဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေး[...]

ဂုဏ်ပြုတပ်ဖွဲ့အလေ[...]

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်[...] အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်[...] ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စား[...] အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမ[...] တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါ[...] နှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်[...] ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့ သွား[...] အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက အ[...] သီချင်းနှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုး[...]

ဂုဏ်ပြုတပ်ဖွဲ့စစ်[...]

ဆက်လက်၍ ဧည့်သည်တော် အင်ဒို[...] ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် [...] ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဧည့်သည်တော် အင်ဒိုနီးရှား[...] ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ဗိုလ်ချုပ်မှူး[...] လိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်[...] သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီ တို့အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့ တို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ကြိုဆို နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုရိုနိုတို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား မိမိနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် အဖွဲ့ဝင်များနှင့် တစ်ဦးချင်း မိတ်ဆက်ပေးသည်။

ဂုဏ်ပြုတပ်ဖွဲ့အလေးပြု

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များနှင့် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနို ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂုဏ်ပြုခံခန်းမသို့ သွားရောက်ကြပြီး ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူရန်အတွက် အလေးပြုခံစင်မြင့်သို့ သွားရောက်ကြကာ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက အင်ဒိုနီးရှားသမ္မတနိုင်ငံ အမျိုးသားသီချင်းနှင့်ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားသီချင်းတို့ကို တီးမှုတ်သည်။

ဂုဏ်ပြုတပ်ဖွဲ့စစ်ဆေး

ဆက်လက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မိမိနှင့်အတူ လိုက်ပါလာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

ဆက်လက်၍ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်သည်။

ယင်းနောက် ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလို ဘန်ဘန်းယူဒိုရိုနို နှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဆီဒိုးနားဟိုတယ်သို့ ဆက်လက်ထွက်ခွာကြရာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့်အဖွဲ့ဝင်များက ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟာဆန်ဝီရာယုဒနှင့် အခြားအဆင့်မြင့်အရာရှိကြီးများ လိုက်ပါလာကြသည်။

ဂုဏ်ပြုကြိုဆို

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံသမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုရာတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် အဆောက်အအုံအဝင်ဝ၌ မုခ်ဦးပြာသာဒ် တည်ဆောက်ကာ နဖူးစည်းတွင် "အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနို နှင့် မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား လှိုက်လှဲစွာ ကြိုဆိုပါ၏" ဟူသော စာတန်းကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင်၊ ပြည်သူ့ရင်ပြင်၊ ဦးထောင်ဗိုလ်အဝိုင်းနှင့် ဆီဒိုးနားဟိုတယ်တို့၌ အင်ဒိုနီးရှားသမ္မတနိုင်ငံ အလံနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံများ လွှင့်ထူ၍လည်းကောင်း ဂုဏ်ပြုကြိုဆိုထားသည်။

(သတင်းစဉ်)

နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်တို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် ဇနီး မဒမ်ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကျောင်းသူကလေးများက နှစ်နိုင်ငံ အလံငယ်များ ဝှေ့ယမ်း၍ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်သာ(ရန်ကုန်) ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ(ဓမ္မကထိက ဗဟုဇနဟိတဓရ၊ သာသနဓဇဓမ္မာစရိယ၊ ပြည်တွင်းပြည်ပ မဟာစည်နာယက)ဦးဆောင်၍ မတ် ၂၅ရက်မှ ဧပြီ ၈ ရက်အထိ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို လည်းကောင်း၊ ဧပြီ ၁၁ ရက်မှ ၂၀ ရက်အထိ မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားစခန်းကို လည်းကောင်း၊ ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ဓမ္မရက္ခိတ ဖြူးမဟာစည်သာသနာ့ရိပ်၌ ဖွင့်လှစ်မည်ဖြစ်ရာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းသို့ တက်ရောက်လိုသူ ကျောင်းသား၊ ကျောင်းသူများ၊ တရားစခန်းဝင်လိုသူ ယောဂီများ၊ စခန်းတွင်း ဆွမ်း စသည့် လှူဒါန်းလိုသူ အလှူရှင်များသည် ရိပ်သာ ဖုန်း-၅၃၀၀၆၈၊ ၅၀၁၀၄၆(လိုင်းခွဲ-၁၈၁)တို့သို့ ဆက်သွယ်စာရင်းပေး လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၃-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ အကပဒေသာ
- ၈:၂၅ ၈။ အတီးပြိုင်ပွဲ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ တပ်မတော်နေ့ဂုဏ်ပြုတေးသီချင်းပြိုင်ပွဲဆုတေးများ
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ရူပဗေဒအထူးပြုများ) (ရူပဗေဒ)
- ၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၁၅ ၆။ အဆိုပြိုင်ပွဲ
- ၅:၂၀ ၇။ **"သူငယ်ချင်းမရှိတဲ့ဥပဒေ" (မင်းဝေ၊ခင်ဇာခြည်ကျော်၊ ကေရီကျော်ကျော်) (ဒါရိုက်တာ-မောင်ယဉ်ကျော်)**
- ၅:၂၅ ၈။ လက်ဆင့်ကမ်းပေးဂီတတေး
- ၅:၃၀ ၉။ တေးဂီတအစီအစဉ်
- ၅:၄၅ ၁၀။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ အရေးပြိုင်ပွဲ
- ၆:၄၅ ၁၄။ (၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ်
- ၆:၅၅ ၁၅။ အာဂယောက်ျား မြန်မာပြည်ပတ်၍ စက်ဘီးစီးတဲ့လူသားများ
- ၇:၀၅ ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း-၉)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်းများ
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း-၁၁)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

✧ ကျောဖုံးမှ

ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်ဟာဘန်ဝီရာယုဒ၊ အခြားအဆင့်မြင့်အရာရှိကြီးများနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဝီဆိုမရိုဂျိုဝါစီတိုတို့ တက်ရောက်ကြသည်။

နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုး

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် အဖွဲ့ဝင်များသည် ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

အပြန်အလှန်လဲလှယ်

အစီအစဉ်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာအင်န်ဟာဆန်ဝီရာယုဒတို့က ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပူးတွဲကော်မရှင်တစ်ရပ် တည်ထောင်မှုနှင့် ပတ်သက်သော နားလည်မှုစာချွန်လွှာ (The Signing Ceremony of The Memorandum of Understanding Between The Government of The Union of Myanmar and The Government of The Republic of Indonesia on The Establishment of a Joint Commission for Bilateral Co-operation) ကို လက်မှတ်ရေးထိုးကြပြီး စာချွန်လွှာကို အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုအား ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုနှင့် အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ စာချုပ်ခန်းမ၌ ကျင်းပသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ အစိုးရတို့အကြား နားလည်မှုစာချွန်လွှာ(MoU)လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

အများပြည်သူသိရှိရန် အသိပေး နှိုးဆော်ချက်

၁။ ဈေးကွက်များတွင် ရောင်းချနေသော အောက်ဖော်ပြပါဆေးဝါးများမှာ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်း(မရှိ)သော ဆေးဝါးများဖြစ်ပါကြောင်းနှင့် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများမှာ အရည်အသွေးအာမခံချက် မရှိပါကြောင်း အသိပေးအပ်ပါသည်။

စဉ်	ဆေးအမည်	ထုတ်လုပ်သည့်ကုမ္ပဏီအမည်	နိုင်ငံ
၁။	Diethylstilbestrol Injection	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၂။	Dexamethasone Sodium Phosphate Injection lml:5mg	LINGRUI	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၃။	Analgin Injection (O.5g of Analgin/2ml)	Shanghai Modern Hasen (Shangqiu) Pharmaceutical Co.Ltd.	P.R.C
၄။	Gentamycin Suifate Injection	Shan Feng	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။
၅။	Analgin Injection 2ml:0.5g	Zhong Yuan	တရုတ်စာသားများဖြင့် ဖော်ပြထားပါသည်။

၂။ အများပြည်သူများသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်အပ်ပါသည်။

၃။ ဆေးဝါးတင်သွင်းဖြန့်ဖြူးသည့် ကုမ္ပဏီ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၃-၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ တေးဂီတအစီအစဉ်
၇း၁၀ ကွန်ချောင်းရေလှောင်တမံနှင့် နွေစပါး
၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
၇း၃၀ တေးဂီတအစီအစဉ်
၇း၃၅ မြစ်ကိုမြင်လျှင်တံတားဆင်
၇း၅၀ တေးဂီတအစီအစဉ်
၇း၅၅ မြန်မာ့သိုင်းပညာသမိုင်းစဉ်
၈း၁၅ နိုင်ငံတကာသတင်းအကျဉ်း
၈း၂၀ ငရုတ်ကောင်းဥယျာဉ်
၈း၃၀ တေးဂီတအစီအစဉ်
၈း၃၅ ဗွီစီဒီမိတ်ဆက် (ချစ်အလွမ်းများ ငြိမ်းစေသတည်း)
၉း၀၀ မိုးလေဝသခန့်မှန်းချက်
၉း၀၅ ယွန်းထည်အတတ်ပညာ
၉း၃၀ ပြည်တွင်းသတင်းအကျဉ်း
၉း၄၀ ကျော်ကြားထင်ရှား အနုပညာပုလဲပန်းများ (အကယ်ဒမီခင်ယုမေ) (အပိုင်း-၄)
၁၀း၁၅ တေးဂီတအစီအစဉ်
၁၀း၂၀ ယာဉ်မောင်းလိုင်စင် ရယူလိုလျှင်
၁၀း၂၅ တေးဂီတအစီအစဉ်
၁၀း၃၀ Art & Technology Talk (ဦးမြင့်မောင်ကျော်နှင့် တွေ့ဆုံခြင်း)
၁၁း၁၀ အတ္ထ ရာယ်ကင်းစေဘေးရှင်းစေ (လူမင်း၊ဟန်နီထွန်း)
၁၁း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၅ မျိုးဆက်သစ်ပန်းချီဆရာလေး 'ဗင်းဆင့်မင်းလွင်'
၁၁း၅၅ တေးဂီတအစီအစဉ်
၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၅)နာရီစာ အစီအစဉ်များကို ည (၂၃း၀၀)နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် အဖွဲ့ဝင်များနှင့်အတူ ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲ ကျင်းပပြီးစီး

ရန်ကုန် မတ် ၁

ပြည်ထဲရေးဝန်ကြီးဌာနနှင့် မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးခြင်းကို တိုက်ဖျက်သည့် ကုလသမဂ္ဂအစီအစဉ်တို့ ပူးပေါင်းကျင်းပသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားအဆင့် နှီးနှောဖလှယ်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အဆိုပါနှီးနှောဖလှယ်ပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယရှေ့နေချုပ်များဖြစ်ကြသော ဒေါက်တာထွန်းရှင်နှင့် ဦးမြင့်နိုင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်တွင်းပြည်ပရှိ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ UNIAP မှတာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲအစီအစဉ် တတိယပိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေ အကောင်အထည်ဖော်ရာတွင် ဆက်စပ်ဌာနများ၏ အခန်းကဏ္ဍများနှင့် တာဝန်ရှိမှုများကို ဆွေးနွေးတင်ပြခြင်း အစီအစဉ်ကို စတင်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်မြင့်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး နှုတ်ခွန်းဆက် စကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မြင့်က "လူကုန်ကူးခံရသူများကို ပြန်လည် လက်ခံခြင်း၊ ပြန်လည် ဝင်ဆံ့ပေါင်းစည်းပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်း"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းက "အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးအေးဦးက "လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေကိုအကောင်အထည်ဖော်ရာတွင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ဆောင်ရွက်မှု" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြက "လူကုန်ကူးမှုတိုက်ဖျက်ရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ အခန်းကဏ္ဍ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ UNIAP မှ အမျိုးသား စီမံကိန်းညှိနှိုင်းရေးမှူး ဒေါက်တာအိကလျာမိုးက "လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေ အကောင်အထည်ဖော်ရာတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး" ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကိုဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည် ရှင်းလင်းဖြေကြားကြပြီး နှီးနှောဖလှယ်ပွဲကို ခေတ္တရပ်နားသည်။

ယင်းနောက် နှီးနှောဖလှယ်ပွဲ အစီအစဉ် စတုတ္ထပိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေအား ထိရောက်စွာ အကောင်အထည် ဖော်ရေးဆိုင်ရာ အကြံပြုထောက်ခံချက်များ ဆွေးနွေးခြင်း အစီအစဉ်ကိုကျင်းပရာ သဘာပတိအဖြစ် ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်ကဆောင်ရွက်ပြီး နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ရှေ့နေချုပ်ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိန်က "လူကုန်ကူးမှုတားဆီး ကာကွယ်ရေး ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ရေးအတွက် ထည့်သွင်းစဉ်းစားရမည့် အချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က "လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်း စီမံကိန်းအတွက် အကြံပြုချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ARCPPT မှ Myanmar Country Programme Manager Mr. David Savage က "လူကုန်ကူးခံရသူအား ခွဲခြားသတ်မှတ်ခြင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း ဖတ်ကြားဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ယင်းနောက် သဘာပတိ ဒုတိယရှေ့နေချုပ်ဒေါက်တာထွန်းရှင်က နှီးနှောဖလှယ်ပွဲ၏ ရည်ရွယ်ချက်များအကောင်အထည်ဖော်ရေး ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန်အတွက် အကြံပြုချက်များကို ဆွေးနွေးပြီး အတည်ပြုကြသည်။

ထို့နောက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်မောင်ဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး နှီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အောင်ဘာလေထီ ကံထူးရှင်များ ထွက်ပေါ်

ရန်ကုန် မတ် ၁

(၂၀၆)ကြိမ်မြောက် ၁၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများ စာရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်-

ကျပ်သိန်း (၅၀၀)အထူးဆု

ဘ-၆၅၂၄၉၇

ကျပ်သိန်း(၃၀၀)ဆုများ

ဈ-၅၇၆၀၅၈
မ-၃၆၆၁၄၂

ကျပ်သိန်း(၂၀၀)ဆုများ

ဃ-၅၀၂၄၉၇
၎-၇၅၇၂၉၈
ဏ-၅၂၈၉၀၁
၎-၄၆၅၂၈၅

ကျပ်သိန်း(၁၀၀)ဆုများ

က-၉၆၈၈၄၄
မ-၅၈၄၆၄၈
ပ-၅၃၄၂၈၆
က-၄၈၀၁၀၈
ရ-၉၇၁၆၁၃
င-၈၈၈၆၄၇
ဖ-၃၈၇၃၇၉
ဏ-၉၃၇၁၆၇
င-၆၈၆၁၅၇
ခ-၂၆၆၂၆၇
ထ-၉၈၉၆၆၂
စ-၆၉၉၃၄၂

ကျပ်သိန်း(၁၀၀) (မင်္ဂလာစုံတွဲ)ဆုများ

ထ-၆၈၄၈၁၅
ဃ-၅၁၇၈၂၀
ဂ-၅၄၇၇၈၂
မ-၂၀၂၂၆၇
ဒ-၆၄၀၇၉၄
ဃ-၅၁၄၀၈၇
စ-၅၃၅၇၁၀
ည-၃၉၀၄၃၅
၎-၄၂၃၆၇၆
ဂ-၅၆၇၈၈၁
ဘ-၆၇၇၅၄၈
ည-၅၉၆၇၂၃
ဋ-၉၁၂၇၅၁
ဏ-၄၃၆၂၆၁
ပ-၈၆၆၆၇၅



အမက(၁)စမ်းချောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် ထူးချွန်ထက်မြက် ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ စာပေဘာသာစုံ ထူးချွန်ပထမဆု သုံးနှစ်ဆက်တိုက်ရရှိသော ဒုတိယတန်းမှ မောင်သုခပြည့်စုံအား ကျောင်းအုပ်ဆရာကြီးဦးသန်းစိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ကိုယ်ဝန်ဆောင်တို့ဘဝ ခြယ်မှုန်းပြသသည့် ဆဋ္ဌဂံ ဇာတ်ကားသစ် ရုံတင်မည်

ရုပ်ရှင်

ရန်ကုန် မတ် ၁

ယခု သောကြာပတ် မတ် ၃ ရက်တွင် မြန်မာရုပ်ရှင်ဇာတ်ကားသစ်ဖြစ်သည့် **ဆဋ္ဌဂံ** အမည်ရှိရုပ်ရှင်ဇာတ်ကားမြို့လယ်ရုံများတွင် စတင်ပြသမည်ဖြစ်သည်။

ဆဋ္ဌဂံ

အမျိုးသားစာပေဆုရ စာရေးဆရာမ မစန္ဒာ၏ ဝတ္ထုကို အကယ်ဒမီကြည်စိုးထွန်း ဇာတ်ညွှန်းရေးသားပြီး တွဲဖက်ဒါရိုက်တာ ချမ်းသာကြည်စိုးနှင့် ပူးပေါင်းရိုက်ကူးသည့် ဆဋ္ဌဂံဇာတ်ကားမှာ ကိုယ်ဝန်ဆောင် အမျိုးသမီးခြောက်ဦး၏ ဘဝကိုထူးထူးခြားခြား ခြယ်မှုန်းတင်ပြထားသည့် ဇာတ်ကားတစ်ကားဖြစ်သည်။ ကွဲပြားသောဘဝ အနေအထားအမျိုးမျိုးမှကိုယ်ဝန်ဆောင်ထားရသည့် အိမ်ထောင်ရှင်မများနှင့် ၎င်းတို့၏ အိမ်ထောင်ဖက် ခင်ပွန်းအသီးသီးတို့နှင့်အတူ ၎င်းတို့ ပတ်ဝန်းကျင်တွင် ရင်ဆိုင်တွေ့ကြုံခံစားရပုံများကို ပုံဖော် ရိုက်ကူးထားသည့်အတွက် ပရိသတ်အကြိုက်တွေ့မည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

အကယ်ဒမီလွင်မိုး၊ ဝေဠုကျော်၊ အကယ်ဒမီထွန်းထွန်းဝင်း၊ အကယ်ဒမီသုမောင်၊သျှားညို၊ လျှမ်းထက်၊ ရွှေသွေး၊ ချမ်းသာကြည်စိုး၊ အကယ်ဒမီထွန်းအိန္ဒြာဗို၊ အကယ်ဒမီမြင့်မြင့်ခိုင်၊ အကယ်ဒမီစိုးမြတ်နန္ဒာ၊ အကယ်ဒမီခင်ဇာခြည်ကျော်၊ အကယ်ဒမီ မျိုးသန္တာထွန်းနှင့် ဆုရွှန်းလဲ့တို့ ပါဝင်သရုပ်ဆောင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် တစ်ပြိုင်တည်းပြသမည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ပြသဆဲ နိုင်ငံခြားဇာတ်ကားများဖြစ်သည့် စွန့်စားမှုအသားပေး King Kong ဇာတ်ကားနှင့် သမိုင်းနောက်ခံပြု The Promise ဇာတ်ကားများ ရှေ့ဆောင်နှင့် နေပြည်တော်ရုံများတွင် ပြသမည်ဖြစ်သည်။ (ကြေးမုံ)

ဆဋ္ဌဂံဇာတ်ကားသစ်မှ ဝေဠုကျော်နှင့် အကယ်ဒမီ စိုးမြတ်နန္ဒာတို့၏ သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၃/ ၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရေး

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေပုဒ်မ(၇)အရ **"လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ယင်းဥပဒေပုဒ်မ (၁၀)ပါ လုပ်ငန်းတာဝန်များကို အပ်နှင်းလိုက်သည်–

၁။ ဒုတိယဝန်ကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ
၂။ ညွှန်ကြားရေးမှူးချုပ် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်
၃။ ညွှန်ကြားရေးမှူးချုပ် ကျန်းမာရေးဦးစီးဌာန — ။
၄။ ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — ။
၅။ ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — ။
၆။ ညွှန်ကြားရေးမှူးချုပ် မီးသတ်ဦးစီးဌာန — ။
၇။ ညွှန်ကြားရေးမှူးချုပ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — ။
၈။ ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် — ။
၉။ ကိုယ်စားလှယ်တစ်ဦး ရန်ကုန်တက္ကသိုလ်(စိတ်ပညာ) — ။
၁၀။ ကိုယ်စားလှယ်တစ်ဦး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန — ။
၁၁။ ကိုယ်စားလှယ်တစ်ဦး သာသနာရေးဦးစီးဌာန — ။
၁၂။ ကိုယ်စားလှယ်တစ်ဦး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — ။
၁၃။ ကိုယ်စားလှယ်တစ်ဦး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန — ။
၁၄။ ရဲဦးစီးအရာရှိချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ — ။
၁၅။ ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) — ။
၁၆။ ကိုယ်စားလှယ်တစ်ဦး မြန်မာနိုင်ငံကြက်ခြေနီအသင်း — ။
၁၇။ ညွှန်ကြားရေးမှူးချုပ် လူမှုဝန်ထမ်းဦးစီးဌာန — အတွင်းရေးမှူး
၁၈။ ညွှန်ကြားရေးမှူး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

ဥက္ကဋ္ဌ
(ဗိုလ်ချုပ်မောင်ဦး)

ဆွမ်းကြီးလောင်းပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

ရန်ကုန်အရှေ့ပိုင်း ပါရမီရှင်များ၏ (၂၈)ကြိမ်မြောက် သံဃဒါနဆွမ်းကြီးလောင်းလှူပွဲကို မတ် ၂ရက် (ကြာသပတေးနေ့) ညနေ ၃နာရီခွဲတွင် ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် အနော်ရထာလမ်းနှင့် (၅၂)လမ်းထောင့်တွင် ကျင်းပ၍ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောဘနာဘိဝံသ (မြသိန်းတန်) နှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ အမှူးပြုသည့် သံဃာတော် ၁၂၆ပါးတို့အား သံဃဒါန ဆွမ်းကြီးလောင်းပွဲ ကျင်းပမည်ဟု သိရသည်။ (၂၃)

ပြည်နယ်/တိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၄/ ၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ခုနှစ်၊ တပေါင်းလဆန်း ၁ရက်
(၂၀၀၆ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက်)

ပြည်နယ်/တိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၆(ဂ)အရ **"ပြည်နယ်/တိုင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

၁။ ပြည်နယ်/တိုင်း အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
၂။ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူး — ဒုတိယဥက္ကဋ္ဌ
၃။ ပြည်နယ်/တိုင်း တရားသူကြီး — အဖွဲ့ဝင်
၄။ ပြည်နယ်/တိုင်း ဥပဒေအရာရှိ — အဖွဲ့ဝင်
၅။ ပြည်နယ်/တိုင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
၆။ ပြည်နယ်/တိုင်း လူမှုဝန်ထမ်းဦးစီးမှူး — အဖွဲ့ဝင်
၇။ ပြည်နယ်/တိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
၈။ ပြည်နယ်/တိုင်း ပညာရေးမှူး — အဖွဲ့ဝင်
၉။ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
၁၀။ ညွှန်ကြားရေးမှူး ပြည်နယ်/တိုင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန — အဖွဲ့ဝင်
၁၁။ ပြည်နယ်/တိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး — အဖွဲ့ဝင်
၁၂။ အတွင်းရေးမှူး ပြည်နယ်/တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း — အဖွဲ့ဝင်
၁၃။ ဥက္ကဋ္ဌ၊ ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်
၁၄။ တွဲဖက်အတွင်းရေးမှူး၊ ပြည်နယ်/တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ — အဖွဲ့ဝင်
၁၅။ ဒုတိယ ပြည်နယ်/တိုင်း ရဲတပ်ဖွဲ့မှူး(သို့မဟုတ်)ရဲမှူး(ဦးစီး) — အတွင်းရေးမှူး

ဥက္ကဋ္ဌ(ကိုယ်စား)
(ရဲမှူးချုပ်ဝင်းမြိုင်၊ တွဲဖက်အတွင်းရေးမှူး)

မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၆/ ၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

မြို့နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ၆(ဂ)အရ **"မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

၁။ မြို့နယ်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
၂။ မြို့နယ်ရဲတပ်ဖွဲ့မှူး — ဒုတိယဥက္ကဋ္ဌ
၃။ မြို့နယ်တရားသူကြီး — အဖွဲ့ဝင်
၄။ မြို့နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
၅။ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန — အဖွဲ့ဝင်
၆။ မြို့နယ်မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
၇။ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
၈။ မြို့နယ်ပညာရေးမှူး — အဖွဲ့ဝင်
၉။ မြို့နယ်ကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
၁၀။ မြို့နယ်နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
၁၁။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး — အဖွဲ့ဝင်
၁၂။ ဥက္ကဋ္ဌ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်
၁၃။ ဥက္ကဋ္ဌ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ — အဖွဲ့ဝင်
၁၄။ အတွင်းရေးမှူး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း — အဖွဲ့ဝင်
၁၅။ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး(သို့မဟုတ်)ရဲစခန်းမှူး — အတွင်းရေးမှူး

ဥက္ကဋ္ဌ (ကိုယ်စား)
(ရဲမှူးချုပ်ဝင်းမြိုင်၊ တွဲဖက်အတွင်းရေးမှူး)

ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန
လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့

အမိန့်အမှတ် ၅/ ၂၀၀၆

ရန်ကုန်မြို့၊ ၁၃၆၇ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်
(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့သည် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၆(ဂ)အရ **"ခရိုင်လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်–

၁။ ခရိုင် အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
၂။ ခရိုင် ရဲတပ်ဖွဲ့မှူး — ဒုတိယဥက္ကဋ္ဌ
၃။ ခရိုင် တရားသူကြီး — အဖွဲ့ဝင်
၄။ ခရိုင် ဥပဒေအရာရှိ — အဖွဲ့ဝင်
၅။ ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
၆။ ခရိုင် မီးသတ်ဦးစီးဌာနမှူး — အဖွဲ့ဝင်
၇။ ခရိုင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
၈။ ခရိုင် ပညာရေးမှူး — အဖွဲ့ဝင်
၉။ ခရိုင် ကျန်းမာရေးဦးစီးမှူး — အဖွဲ့ဝင်
၁၀။ ခရိုင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး — အဖွဲ့ဝင်
၁၁။ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး — အဖွဲ့ဝင်
၁၂။ ဥက္ကဋ္ဌ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ — အဖွဲ့ဝင်
၁၃။ ဥက္ကဋ္ဌ၊ ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ — အဖွဲ့ဝင်
၁၄။ အတွင်းရေးမှူး ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း — အဖွဲ့ဝင်
၁၅။ ရဲမှူး(ဦးစီး) သို့မဟုတ် ဒုရဲမှူး(ဦးစီး) ခရိုင်ရဲတပ်ဖွဲ့ — အတွင်းရေးမှူး

ဥက္ကဋ္ဌ(ကိုယ်စား)
(ရဲမှူးချုပ်ဝင်းမြိုင်၊ တွဲဖက်အတွင်းရေးမှူး)

မေတ္တာဝတီ ဘိုးဘွားရိပ်သာ(သံတွဲမြို့) အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီးရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပရာ အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၄၃သိန်းကို သံတွဲခရိုင်အသင်းဥက္ကဋ္ဌ ဦးကျော်ရင်က ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးတင်လေး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ် အမက(၂၅)မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဖေဖော်ဝါရီ ၂၆ရက်ကကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသူ မပြုံးမြမြမင်းအား ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်မြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

ထူးခြားသည့် နေ့အပူချိန်များ

(၁-၃-၂၀၀၆)

မြင်းခြံ၊ မကွေး၊ မင်းဘူးနှင့် အောင်လံ
၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)

နိုင်ငံတကာ အားကစားသတင်းများ

ဂျာမနီနိုင်ငံ ကမ္ဘာ့ ဖလားဘောလုံးပြိုင်ပွဲ ကျင်းပရန် ရက်ပေါင်း ၁၀၀ သာလို

ဘာလင် မတ် ၁

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကျင်းပရန် ယခုအခါ ရက်ပေါင်း ၁၀၀ တိတိသာလျှင်လိုတော့ကြောင်း၊ ဂျာမနီနိုင်ငံ၏ ဂုဏ်ဒြပ်ကို မြှင့်တင်ပေးနိုင်မည့် ယင်းဘောလုံးပြိုင်ပွဲအတွက် လုံခြုံရေးအစီအစဉ်များကို ရေးဆွဲချမှတ်လျက်ရှိကြောင်း ကျင်းပရေးကော်မတီက မတ် ၁ ရက်တွင် ပြောကြားသည်။

ကျင်းပပြီးဖြစ်သော အီတလီ ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော်တွင် ဂျာမနီနိုင်ငံက ဆုတံဆိပ်အများဆုံး ဆွတ်ခူးရရှိခဲ့ပြီး ဆုတံဆိပ်ရရှိမှုအခြေပြဇယားတွင် ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့သည်။

အိမ်ရှင် ဂျာမနီနိုင်ငံအသင်းသည် မြူးနစ်မြို့ရှိ အားကစားပြိုင်ပွဲရုံသစ်ကြီးတွင် လာမည့် ဇွန် ၉ရက်၌ ကော်စတာရီကာနိုင်ငံအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်မည့် အသင်း ၃၂သင်းစလုံးမှာ ၎င်းတို့၏ လေ့ကျင့်ရေးကွင်းများကို ရွေးချယ်ထားကြပြီးဖြစ်သည်။ ***အင်တာနက်။***



ဖေဖော်ဝါရီ ၂၈ရက်က ဂျာမနီနိုင်ငံ ဖလောရင့်စ်မြို့တွင် ဂျာမန်အမျိုးသားဘောလုံးအသင်း၏ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက် လေ့ကျင့်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးအသင်းသို့ မိုက်ကယ်ဘောလက် ပြောင်းရွှေ့မည်ဆိုမှု မမှန်ကန်ကြောင်း ငြင်းဆို

ဖလောရင့်စ်(အီတလီ) မတ် ၁

ဂျာမနီဘောလုံးအသင်း၏ အသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်သည် လာမည့် ဘောလုံးရာသီတွင် အင်္ဂလိပ်ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်း၌ ပါဝင်ရန် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ပြီဆိုသော ဗြိတိသျှသတင်းစာ တစ်စောင်၏ ဖော်ပြချက်နှင့် ပတ်သက်၍ ဘောလက်က အင်္ဂါနေ့တွင် ငြင်းဆိုလိုက်သည်။

ဘေယန်မြူးနစ် အသင်း၏ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်သည် ပြီးခဲ့သည့်ဇန်နဝါရီလအတွင်း လန်ဒန်မြို့၌ရှိနေစဉ် အတွင်း ရုရှားကုဋေကြွယ်သူဌေးကြီး ရိုမန်အက်ဘရာမိုဗစ်ချ်ပိုင်ဆိုင်သော ချယ်လ်ဆီးအသင်းနှင့် သဘောတူညီမှုတစ်ရပ်ရရှိခဲ့ကြောင်း၊ ယင်းမှာ အသင်း ပြောင်းရွှေ့ကြေး ပေါင်ငွေ ၂၅သန်း (ဒေါ်လာ ၄၃သန်း) ဖြင့် လေးနှစ်တာမျှ ချယ်လ်ဆီးအသင်း၌ ဘောလက်ပါဝင်ကစားရန် ဖြစ်ကြောင်း ဒေးလီးမေးလ်သတင်းစာက ရေးသားဖော်ပြခဲ့သည်။

အသက် (၂၉)နှစ် အရွယ်ရှိ ဘောလက်သည် ကမ္ဘာပေါ်တွင် ဘောလုံးကစားခ ငွေကြေးအများဆုံး ပေးရသော ဘောလုံးသမားတစ်ဦးဖြစ်ပြီး ၎င်း၏ ရက်သတ္တပတ် လုပ်ခလစာမှာ ပေါင်ငွေ ၁၂၁၀၀၀ ဖြစ်သည်။ ***အင်တာနက်။***

ပြိုင်ဘက် တင်းနစ်မယ်များအားလုံးကို စိန်ခေါ်ထားသူ ပြင်သစ်တင်းနစ်မယ် မော်ရက်စ်မို။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်တင်းနစ်မယ် ပြိုင်ဘက်များကို စိန်ခေါ်

ဒိုဟာ မတ် ၁

မိမိသည် မည်သည့်တင်းနစ်မယ်နှင့်မဆို ယှဉ်ပြိုင်ကစားရန် လက်တွန့်မည့်သူမဟုတ်ကြောင်း ယခုရက်သတ္တပတ်တွင် ကျင်းပမည့် ကာတာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ပြင်သစ်တင်းနစ်မယ် မော်ရက်စ်မိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ မော်ရက်စ်မိုသည် ဆုကြေးစားလောကတွင် ကျင်လည်လာမှုမှာ ၁၂နှစ်မျှ ရှိခဲ့ပြီဖြစ်သည်။

အစွမ်းကုန်ကြိုးပမ်းမည်

မိမိဗိုလ်စွဲနိုင်ရန် အစွမ်းကုန်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း မော်ရက်စ်မိုက ပြောကြားသည်။

ပြောကြား

မိမိအနှစ်သက်ဆုံး ဘောလုံးအသင်းမှာ အာဆင်နယ်အသင်းဖြစ်ကြောင်း၊ အာဆင်နယ်အသင်း၏ နည်းပြ အာဆင်ဝင်ဂါနှင့် ထူးချွန်သည့် ဘောလုံးသမား အွန်နရီတို့သည် ပြင်သစ်လူမျိုးများဖြစ်ကြပြီး မိမိမှာလည်း တင်းနစ်လောကတွင် ကြယ်တစ်ပွင့် ဖြစ်လာရန် ရည်မှန်းကြောင်း မော်ရက်စ်မိုက ပြောကြားသည်။ ***အင်တာနက်။***

ကြေးပိဋကတ်တော်ပြုလုပ်ရန် ငွေလှူဒါန်း

ရန်ကုန် မတ် ၁

မြတ်ဗုဒ္ဓ၏ ပိဋကတ်ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းရေးအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(သာသနာ့ဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)ထံ အလှူရှင်များဖြစ်ကြသည့် တောင်ဥက္ကလာပမြို့နယ်(၇)ရပ်ကွက် သံသုမာလမ်းနေ ဦးသန်းမြင့်-ဒေါ်ဥမ္မာ မိသားစုက ကြေးပြားတစ်ချပ်၊ ရန်ကုန်မြို့ ပြည်လမ်းနေ မကေခိုင်သူရမွန်ကငါးနှစ်ပြည့် မွေးနေ့အလှူအဖြစ် ကြေးပြားတစ်ချပ်၊ ရန်ကင်းမြို့နယ် (၁၄)ရပ်ကွက် ကျောက်ကုန်း ဘိုးရာဇာလမ်းနေ ဦးဇော်မင်းဦး-ဒေါ်စိုးစိုးမြင့် မိသားစုက ကြေးပြားတစ်ချပ်၊ မရမ်းကုန်း မြို့နယ် (၈)မိုင် မြိုင်ဟေဝန်အိမ်ရာနေ မရတနာမိုး၊ မပြည့်ပြည့်မိုးတို့က ကြေးပြားနှစ်ချပ်၊ ရန်ကုန်မြို့ ဗိုလ်ချုပ်ဈေးမှ ဦးစန်းအေး-မစန်း(လုဝိဇ္ဇာ) မိသားစုနှင့် လမ်းမတော်မြို့နယ် (၈)လမ်းနေ ဦးကျော်စိန်-ဒေါ်တင်လှိုင် မိသားစုတို့က ကြေးပြားတစ်ချပ်စီ လာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေ ကျပ် ၁၈၀၀၀ဖြင့် မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၁

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ဘောက်ထော်(၁၆)ရပ်ကွက် မိုးကောင်းလမ်းမနှင့် စွန်းလွန်းဂူ ကျောင်းလမ်းထောင့် ခြံအမှတ်(3/B-3/C)တွင် ရွှေနန်း၊ ရွှေဝါနန်းဟိုတယ်မိသားစု၏ စတုတ္ထအကြိမ် တရားပွဲများကို ကျင်းပမည်ဖြစ်ရာ မတ် ၃ရက်နှင့် ၄ရက်ညတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ မတ် ၅ရက်ညတွင် အရှင်ဇဝန(မေတ္တာရှင်၊ ရွှေပြည်သာ)တို့က ညစဉ် ၇နာရီမှစ၍ တရားတော်များကို ဟောကြားမည်ဖြစ်သည်။ (က-ပ)

ကမ္ဘာ့ မိုးလေဝသနေ့အထိမ်းအမှတ် ဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁

၂၀၀၆ ခုနှစ် မတ် ၂၃ရက်တွင် ကျရောက်မည့် (၄၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အဖြစ် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများကျင်းပပြီး ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

ဆောင်းပါးပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ၁၅၀၀၀၀၊ ဒုတိယဆုငွေကျပ် ၁၀၀၀၀၀၊ တတိယဆုငွေ ကျပ် ၇၅၀၀၀နှင့် စာစီစာကုံးပြိုင်ပွဲအတွက် ပထမဆုငွေကျပ် ၁၀၀၀၀၀၊ ဒုတိယဆုငွေကျပ် ၇၅၀၀၀၊ တတိယဆုငွေကျပ် ၅၀၀၀၀ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းချက်များမှာ ဆောင်းပါးပြိုင်ပွဲအတွက် မည်သူမဆို ယှဉ်ပြိုင်နိုင်ပြီး စာလုံးရေ ၅၀၀၀ ထက် မကျော်လွန်ရပါ။ ဆောင်းပါးအတွက် အထောက်အကူပြုဓာတ်ပုံဇယား စသည်တို့ဖော်ပြနိုင်သည်။ စာစီစာကုံးပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်သည် အထက်တန်းအဆင့် ကျောင်းသားကျောင်းသူဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာ ကျောင်းအုပ်ကြီး ထောက်ခံစာပါရှိရမည်။ စာလုံးရေ ၃၀၀၀ထက် မကျော်လွန်ရပါ။

ဆောင်းပါးပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ နှစ်ရပ်လုံးအတွက် သတ်မှတ်ချက်မှာ ပြိုင်ပွဲနှစ်ရပ်လုံးအတွက် သတ်မှတ်ခေါင်းစဉ်မှာ **“လျော့ချကာကွယ် သဘာဝ ဘေးအန္တရာယ်”** ဖြစ်သည်။

စာမူကို လက်နှိပ်စက်၊ ကွန်ပျူတာ၊ လက်ရေး စသည်ဖြင့်ရေးသားပေးပို့နိုင်ပြီး စာမျက်နှာတစ်ဖက်တည်းတွင် သပ်ရပ်စွာရေးသားပေးပို့ရမည်။ မူရင်းစာမူအပြင် မိတ္တူအပိုတစ်စောင် ပေးပို့ရမည်။ ယှဉ်ပြိုင်ရန် ပေးပို့သောစာမူသည် ယခင်က မည်သည့်စာစောင်၊ ဂျာနယ်၊ သတင်းစာတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိရ။

စာမူနှင့်အတူ စာရေးသူ၏ ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်၊ ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊ ဆက်သွယ်ရမည့်လိပ်စာအပြည့်အစုံ (ဖုန်းနံပါတ်ရှိပါက ဖော်ပြရန်) ပူးတွဲပေးပို့ရမည်။

စာမူပေးပို့ရမည့်လိပ်စာမှာ ကမ္ဘာ့မိုးလေဝသနေ့ ကျင်းပရေးကော်မတီ၊ မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန မရမ်းကုန်းစာတိုက် (၁၁၀၆၁) ရန်ကုန်မြို့ ဖုန်း-၀၁-၆၆၀၈၂၄၊ ၆၆၅၆၆၉ ဖြစ်သည်။

ပြိုင်ပွဲဝင် စာမူများကို ၁၅-၃-၂၀၀၆ရက်အရောက် နောက်ဆုံးပေးပို့ရမည်။ ၁၅-၃-၂၀၀၆ရက်ကျော်လွန်မှ ရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ ဆုရသူများ၏ အမည်ကို ၂၀-၃-၂၀၀၆ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး ဆုများကို (၄၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သော ၂၃-၃-၂၀၀၆ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပမည့် ကမ္ဘာ့မိုးလေဝသနေ့အခမ်းအနားတွင် ချီးမြှင့်မည်ဖြစ်သည်။

ထို့အပြင် ကမ္ဘာ့မိုးလေဝသနေ့ အခမ်းအနားတွင် စာတမ်းဖတ်ပွဲ ပါဝင်မည်ဖြစ်ရာ စာတမ်းဖတ်ကြားလိုသော ပညာရှင်များအနေဖြင့်လည်း ဆက်သွယ်စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။ စာတမ်းရှင်များအတွက် ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်များကို တုံ့ပြန်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

ဝါးခယ်မမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁

ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)၏ (၅၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို မတ် ၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ပန်းဘဲတန်းမြို့နယ် သိမ်ကြီးဈေး မဟာသိမ်တော်ကြီး၌ ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်နှင့် အထက် ကန်တော့ခံမည့် သက်ကြီးများနှင့် ၂၀၀၅ ခုနှစ်တွင် ကျင်းပသော တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော ကျောင်းသူ၊ ကျောင်းသားများစာရင်းကို မတ် ၁၅ရက် နောက်ဆုံးထား၍ ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) အသင်းတိုက် ဖုန်း-၂၂၆၅၉၀ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

The Commerce Journal ဖြန့်ချီ

ရန်ကုန် မတ် ၁

The Commerce Journal အတွဲ (၆)၊ အမှတ်(၅)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။ အဆိုပါ ဂျာနယ်တွင် ယခုနှစ် ပဲရာသီမှာ ပဲဈေးကောင်း၊ ပဲပို့ကုန်လိုင်စင်ပိုလျှော့ကျလာ၊ မြန်မာပန်းများ စင်ကာပူဈေးကွက်ဝင်ပြီ၊ တရုတ်ပြည်ဈေးကွက်တွင် မြန်မာဖရဲသီးနှင့် သခွားမွှေး အဝယ်လိုက်လျက်ရှိ၊ ပြည်ဝင်ခွင့်၊ ပြည်နေခွင့် ဗီဇာများအတွက် ထောက်ခံစာများ ရန်ကုန်တွင် ဆောင်ရွက်ပေးနေ၊ Online ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားနိုင်ရေးဆောင်ရွက်နေ၊ မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဖွဲ့စည်း၊ ရန်ရှိ စသည့် သတင်းများအပြင် မောင်စူးစမ်း၊ ဒေါက်တာခင်မောင်ညို၊ ကျွန်းသားငမန်း၊ ကြည်မင်း၊ ကြည့်ရှုန်း၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ သိန်းမြသိန်းတို့၏ သုတ၊ ရသ ဆောင်းပါးများ၊ နယ်စပ်စခန်းအလိုက် ပို့ကုန်သွင်းကုန်သတင်း၊ ဆရာစံဇာတာဘို၏ အမည်ဟောကိန်း၊ ပို့ကုန်အခြေခံဈေးနှုန်း၊ ဖက်ရှင်၊ ဟာသ၊ ရုပ်ရှင်သတင်းများဖြင့် ဝေဝေဆာဆာဖော်ပြထားပြီး အမှတ် (၃၈) လမ်း(၃၀) ပန်းဘဲတန်းမြို့နယ်က တစ်ပြည်လုံးသို့ ဖြန့်ချိထားသည်။ (သတင်းစဉ်)

လေပြင်းတိုက်ခတ်မည့် သတိပေးချက်ထုတ်ပြန်

ရန်ကုန် မတ် ၁

ပူပြင်းခြောက်သွေ့သော ယခုအချိန်မှစ၍ မေလခန့်အထိ မြန်မာနိုင်ငံအရပ်ရပ်တို့၌ နေ့အပူချိန်များ သိသိသာသာတိုးတက်လာမည်ဖြစ်ရာ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ရာမှ လေပြင်းများ ခေတ္တမျှ တိုက်ခတ်နိုင်သည်။ လေပြင်းများတိုက်ခတ်စဉ် မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၅၀ ခန့်အထိ တိုက်ခတ်နိုင်ပြီး အချို့နေရာများ၌ နေရာကွက်၍ မိုးကြီးခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ (သတင်းစဉ်)

မင်္ဂလာတောင်ညွန့် မြို့နယ် ခြံစည်းရိုး ကြက်ဆူပင်ပျိုးခင်းကို မြို့နယ်ရုံးအတွင်း စိုက်ပျိုးထားရာ ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကိုနှင့် ရပ်ကွက်ဥက္ကဋ္ဌများ ကြက်ဆူစေ့ပျိုးခြင်းနှင့် ပျိုးကိုင်းနှင့် ပျိုးပင်များ ရှင်သန်ကြီးထွားရေး စုပေါင်းဆောင်ရွက်ကြစဉ်။ (၃၂)

ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှား သမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုရိုနိုနှင့် မဒမ် ခရစ္စတီယာနီဟယ်ယာဝါတီတို့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်း–ရွှေဖုံး)
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနို လာရောက်တွေ့ဆုံနှုတ်ဆက်

ရန်ကုန် မတ် ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်– နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုရိုနိုသည် ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ လာရောက် တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြပြီး **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ✧

လက်ခံတွေ့ဆုံ

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ချစ်ကြည်ရေးခရီး လည်ပတ်ရန် ရောက်ရှိလာသည့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတကြီး ဒေါက်တာဆူဆီလို ဘန်ဘန်းယူဒိုရိုနိုအား ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)